# ပြည်သူ့နီတိ

# အသိပညာပေးစာမေးပွဲ

# အထောက်အကူပြုအဖြစ်

# ဖတ်မှတ်ရန်

# ကဗျာ၊ ပုံပြင်နှင့်

# ဝတ္ထုစာစု

# (အထက်တန်း)

# ဤနံနက်မှ

နေခြည်လှုံ
ပန်းငုံလွှာဝတ်၊ နှင်းရည်ဆွတ်သည့်
လွတ်လပ်ရေးနေ့ နံနက်ခင်း။

ငါတို့လွှင့်
မိုးမြင့်ထက်ယံ၊ ဝဲတက်ပျံသည့်
အလံတော်၏ ငွေကြယ်ရောင်။
ငါတို့ဆို
လေချိုသွေးရာ၊ ပျံ့အေးပါသည့်
ကမ္ဘာမကြေပဲ့ဟူသည့်တေး။
အလံတော်ကို
မျှော်ကြည့်ကာ၊ တေးဆိုရာ၌
ငါတို့ရင်ကြား၊ နှလုံးသားတည့်
ပွင့်သွားပေါက်ကွဲသည့်အထိ။
မနက်ဖြန်၌
ဖူးတံဝင့်ချီ၊ ရွှေဝတ်ရည်နှင့်
သင်းကြည်ပွင့်စုံ၊ ပေလိမ့်ကုန်ဟု
တို့ယုံကြည်သည့် ဤနံနက်။
မနက်ဖြန်ကို
တေးသံကြူးလျက် ဤနံနက်မှ
ဆက်ကြဦးစို့ ငါတို့များ။

**ပျဉ်းမနားမောင်နီသင်း**

# ဤလက်များဖြင့်

ဤလက်များဖြင့်
တံတားလမ်းတာ၊ အိမ်ဂေဟာနှင့်
များစွာယာဉ်တို့၊ စက်ႀကီးတို့ကို
ငါတို့ တည်ဆောက်နိုင်ကြပြီ။
ဤလက်များဖြင့်
ဆန်းပြားမျိုးစုံ၊ လူသုံးကုန်၌
ဆန်းကျယ်ရိက္ခာ၊ လိုရာရာကို
ငါတို့ဖန်တီးနိုင်ကြပြီ။
ဤလက်များဖြင့်
ဆေးကားပန်းချီ၊ စာအဆီနှင့်
ဂီတကဗျာ၊ အနုပညာကို
ငါတို့ပြုစုနိုင်ကြ၏။
ဤလက်များဖြင့်
မတရားသမှု၊ အစုစုကို
အန်တုငါတို့ တိုက်နိုင်၏။
ဤလက်များဖြင့်
တရားဆီမီး ထိန်ထိန်ညီးကို
သီးသီးငါတို့ ထွန်းနိုင်၏။
ဤလက်များဖြင့်
မားမားကြွကြွ ရှိသမျှလျှင်
လောကကမ္ဘာ၊ နေထိုင်ရာဝယ်
ငါတို့ဘာကိုကြောက်အံ့နည်း။

မင်းယုဝေ

# ဥယျာဉ်မှူး

စည်းိုးကာ
များစွာသစ်ပင်၊ မြေအပြင်ဝယ်
ငါလျှင်မျိုးချ၊ ပျိုးခဲ့ရတည့်။
အလုပ်လုပ်လျှင်
မြက်နုတ်ပေါင်းသင်၊ နောက်ချေးတင်
ရေစင်ပင်သွန်း၊ နေ့စဉ်ဖျန်းသည်
ပင်ပန်းသည့်ကိုငါမသိ။
ဤယနေ့သော်
ချမ်းမြေ့ဖွယ်ရာ၊ ဥယျာဉ်သာဝယ်
ဖြာဖြာဆင့်လောင်း ပင်အပေါင်းထက်
ရွှင်ကြောင်းဖန်ပြီ ချုံညိုဆီတည့်
ချပ်ညီဝန်းကော့ ပျော့ရရော့နှင်
ကြော့ကြော့ရှင်းရှင်း ပပဝင်းလျက်
ရောင်းဆင်းကြွလာ မြမာလာသည်
ဂန္ဓာရနံ့၊ သင်းထုံပျံ့လျက်
ညင်းညှံ့လေတွင် ဂုဏ်ပွဲဆင်သော်
ငါလျှင်ပီတိ ဖြစ်လှတကား။

**ငွေတာရီ**

## ပစ္စည်းအလှ

ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
မင်း၏သားငယ် သက်နှစ်ဆယ်သည်
ဘယ်ပစ္စည်းကို ကြိုက်သနည်း။
မလိမ့်တပတ် ခေါင်းလုံးဖြတ်
အနုပ်အပါး မြတ်ကြီးစား
သနားကင်းမဲ့ ကိုယ်ကျိုးငဲ့
ရခဲ့မသမာ၊ ထိုဥစ္စာ၌
မခွဲမခွာ၊ အရိပ်မည်း။
ကိုယ်ဒူးကိုယ်ချွန်၊ ကိုယ့်အားသွန်
ဖြောင့်မှန်တရား လက်ကိုင်ထား
သနားမေတ္တာ အလေးသာ
ရှာရသမျှ ထိုငွေ၌
ဖိုးလ မုလေး စမ်းရေအေး။

ဇော်ဂျီ

# အမေ့ရွာ

လှည်းသံကအီ၊ ဘုတ်ကမြည်
တိမ်နီကဝင်း၊ ပန်းနံ့သင်း
ဝင်းတယ်လေး၊ ဝင်းတယ်လေး

တမာပင်တန်း၊ ရွာဝင်လမ်း
ပန်းစုံမြူးပွင့်၊ အလှတင့်
ပွင့်တယ်လေး၊ ပွင့်တယ်လေး။

ချောင်းပတ်ခွေကာ၊ အမေ့ရွာ
ရောက်လာရွှင်မြူး၊ ပျော်ပုံထူး
မြူးတယ်လေး၊ မြူးတယ်လေး
ရေချမ်းကမ်းကာ၊ ဆီးကြိုရှာ
မလာလျှင်တမ်း၊ လာလျှင်လွမ်း
တမ်းတယ်လေး၊ တမ်းတယ်လေး။
ရွာဦးစေတီ၊ ဆည်းလည်းမြည်
ကြေးစည်သံလွှမ်း၊ သာပုံဆန်း။
လွမ်းတယ်လေး လွမ်းတယ်လေး။

အညာဓလေ့၊ အညာငွေ့
ထိတွေ့ချစ်ခင်၊ သိမ်မွေ့ယဉ်
ခင်တယ်လေး၊ ခင်တယ်လေး။
အမေ့ချစ်စိတ် မေတ ၁ရိပ်
မှေးမှိတ် ချမ်းမြေ့ စိတ်ကြည်မွေ့
မြေ့တယ်လေး၊ မွေ့တယ်လေး။

**အေးငွေ**

# အဘိုးအိုနှင့်မြေးငယ်

တစ်ရံရောအခါ အဘိုးအိုတစ်ယောက်ရှိလေသည်။ သူသည် အိုမင်းမစွမ်းရှိရှာသဖြင့် မျက်စိတို့မှာသီဝေလျက်ရှိသည်။ နားသည်လည်း ထုံထိုင်းလျက်ရှိသည်။ ဒူးများလည်း ကွေးညွတ်လျက်တုန်တုန်ခိုက်ခိုက် ရှိလေသည်။

သူသည် ဇွန်းခွက်ကို စားပွဲ၌ထိုင်လျက် အစာစားရာတွင် လက်မှာတုန်ရင်နေသဖြင့် ဇွန်းကိုမြဲမြံစွာမကိုင်နိုင်။ ထိုအခါ အစာတို့သည် စားပွဲပေါ်သို့မကြာခဏ ဖိတ်စဉ်ကျ၏။ တစ်ခါတစ်ရံ သူ၏အဝတ်များပေါ်သို့ ဖိတ်စဉ်ကျ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောသူ၏သားနှင့်ချွေးမတို့သည် များစွာစိတ်ပျက်ကြ၏။ ထို့ကြောင့် အဘိုးအိုအား ဇွန်းခွက်၌မထားတော့၊ စားပွဲပေါ်၌အစာမကျွေးတော့ မီးဖိုနောက်ရှိ ထောင့်တစ်ထောင့်တွင်သာ နေစေသည်။ ဖြစ်ကတတ်ဆန်း ကျွေးမွေးလေသည်။

သူတို့သည် အဘိုးအိုအား အစာကိုကြွေးပန်းကန်၊ သတ ပန်းကန်တို့ဖြင့်ထည့်မကျွေးတော့။ မြေခွက်ဖြင့်သာထည့် ကျွေးလေသည်။ ကျွေးရာ၌လည်း တစ်ခါတစ်ရံ အဝမကျွေးဘဲ မဝတဝသာကျွေးလေသည်။ သနားစဖွယ်ကောင်းလှသော အဘိုးအိုသည် သူ၏အဖြစ်ကို တွေးကာတွေးကာ များစွာဝမ်းနည်းကြေကွဲရှာသည်။ အမြဲလိုလိုပင်သူ၏မျက်လုံးတို့မှာ မျက်ရည်တို့ဖြင့် စိုစွတ်လျက်ရှိရှာပေသည်။

တစ်နေ့တွင် အဘိုးအို၏လက်မှာ များစွာတုန်ရင်နေသဖြင့် သူ့အားအစာထည့်ကျွေးသော မြေခွက်ကို ကောင်းစွာမကိုင်နိုင်ဖြစ်နေရှာသည်။ သို့ဖြင့်မြေခွက်သည် အောက်သို့ကျကာကွဲသွားလေ၏။

ထိုအခါ ချွေးမသည် အဘိုးအိုအားစိတ်ဆိုးမာန်ဆိုးဖြင့် ဆူပူလေတော့သည်။ အဘိုးအိုကား တစ်စုံတစ်ရာပြန်မပြော။ ညိုးငယ်စွာဖြင့် သက်ပြင်းချ သာနေရှာလေသည်။

ဤသို့မြေခွက်ကွဲသွားသောအခါ သားနှင့်ချွေးမတို့သည် အဘိုးအိုအားမြေခွက်အစား သစ်သားခွက်ကိုသာ ပေးလေတော့သည်။ အလွန်နုံချာလှသည့် သစ်သားခွက်ဖြင့်သာ အစာများကို ထည့်ကျွေးလေသည်။

တစ်နေ့တွင် အဘိုးအိုသည် အခန်းထောင့်တွင်ထိုင်လျက် သူ၏မြေးကလေးကိုကြည့်နေသည်။ မြေးကလေးမှာ အသက် (၄)နှစ်အရွယ်ခန့်ရှိသည်။ သူသည်သစ်သားများဖြင့် တစ်စုံတစ်ခု လုပ်ကိုင်လျက်ရှိသည်။ ဤတွင်အဘိုးအိုက ''ငါ့မြေး သင်ဘာလုပ်နေသနည်း''ဟု မေးမြန်းလေသည်။

မြေးငယ်က ''အဘိုး အကျွန်ုပ်သည် သစ်သားခွက်လုပ်နေပါသည်။ ကျွန်ုပ်

ကြီးပြင်းလာသောအခါ ကျွန်ုပ်၏အဖေနှင့်အမေတို့ကို ထိုသစ်သားခွက်ဖြင့် အစာထည့်ကျွေးရန်ဖြစ်ပါသည်’’ဟု ပြန်ပြောလေသည်။

ထိုစကားကို အဘိုး၏သားနှင့်ချွေးမတို့ကြားသော် တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်းကြည့်ကြ၏။ သို့ကြည့်ရာမှ အဘိုးအိုအပေါ် မိမိတို့ရက်စက်ခဲ့သည်ကို သတိသံဝေဂရကာ ငိုကြွေးမိကြလေသည်။

ထိုနေ့မှစ သူတို့သည် အဘိုးအိုအား ညှော်ခန်း၌ ပြန်ထားသည်။ စားပွဲပေါ်၌ အစာစားစေသည်။ ကြွေးပန်းကန်များဖြင့် အစာထည့်ကျွေးသည်။ အကယ်၍ အဘိုးအိုကြောင့်အစာများ ဖိတ်စဉ်ကျသွားခဲ့လျှင်လည်း တစ်စုံတစ်ရာဆူပူခြင်းမပြု၊ မြည်တွန်ခြင်းမပြု ချစ်ခင်ိုသေစွာ ဆက်ဆံ ကောင်းစွာပြုစုစောင့်ရှောက်လေသတည်း။

**မင်းယုဝေ**

**(ပုံပြင် ၁၀၀ စာအုပ်မှ)**

# မေးခွန်းသုံးသွယ်

ရှေးသရောအခါ ဘုရင်တစ်ပါးသည် ပြဿနာသုံးရပ်ကို သိလိုသောဆန္ဒပြင်းပြလျက်ရှိသည်။

ထိုပြဿနာသုံးရပ်ကား (၁)လောက၌ မည်သည့်အချိန်သည် အရေးကြီးဆုံးဖြစ်ပါသနည်း။ (၂)လောက၌ မည်သည့်ပုဂ္ဂိုလ်သည် အရေးကြီးဆုံးဖြစ်ပါသနည်း။ (၃) လောက၌မည်သည့်အလုပ်သည် အရေးကြီးဖြစ်ပါသနည်းဟူ ဖြစ်ပါသည်။

ထိုပြဿနာသုံးရပ်ကို သိလိုသဖြင့် ''မှန်ကန်စွာဖြေဆိုနိုင်သူအား ဆုလာဘ်ပေးမည်''ဟူ ဘုရင်သည်တိုင်းပြည်အနှံ့ကြေညာလေသည်။

ထိုအခါ ပညာရှိအမတ်များပင် လာရောက်ဖြေဆိုကြသည်။ တစ်ဦးက ''အရှင်မင်းမြတ်အကြံပေးပုဂ္ဂိုလ်သည် အရေးကြီးဆုံးဖြစ်ပါသည်''ဟုဆို၏။ အခြားတစ်ဦးကမူ ''အရှင်မင်းမြတ် အရေးကြီးသောအချိန်ကိုသိနိုင်ရန် အချိန်ဇယားဆွဲရပါမည်''ဟုဆို၏။ ကျန်တစ်ဦးကမူ ''အရှင်မင်းမြတ်၊ စက်မှုလက်မှုအတတ်ပညာသည် အရေးကြီးဆုံးဖြစ်ပါသည်''ဟု လျှောက်တင်သည်။

ဘုရင်သည် ထိုအဖြေတို့ကို မနှစ်သက်ပေ။ ထို့ကြောင့်တစ်ခုသော တောအရပ်၌ ပညာရှိရသေ့တစ်ပါးရှိသည်ဟု ကြားသဖြင့်မေးမြန်းရန် အခြွေအရံများနှင့်ထွက်ခွာခဲ့သည်။ ဘုရင်သည်ရသေ့ကြီး၏ ကျောင်းနှင့်မနီးမဝေးသို့ ရောက်သောအခါ အခြွေအရံများကို ထားခဲ့သည်။

ထို့နောက် တစ်ကိုယ်တည်းပင် ရသေ့ကြီးထံသွားသည်။ ကျောင်းသင်္ခမ်းသို့ရောက်သောအခါ ဟင်းသီးဟင်းရွက်စိုက်ရန် မြေကြီးကို ပေါက်တူးဖြင့်ပေါက်နေသော ရသေ့ကြီးကို တွေ့ရသည်။

ရသေ့ကြီးမှာ အိုမင်းမစွမ်းရှိသဖြင့် ပင်ပန်းကြီးစွာဖြင့် မြေကိုပေါက်နေရှာသည်။ ဘုရင်ကြီးက ရသေ့ကြီးကို နှုတ်ဆက်ပြီးလျှင် ''အရှင်ရသေ့တပည့်တော် ပြဿနာသုံးရပ်ကို အလွန်သိလိုလှပါသည်။ လောက၌ အရေးအကြီးဆုံးအချိန်၊ အရေးအကြီးဆုံးပုဂ္ဂိုလ်၊ အရေးအကြီးဆုံးအလုပ်တို့သည် မည်သည်တို့ဖြစ်ပါသနည်း။ ဖြေကြားတော်မူပါ''ဟု မေးမြန်းလျှောက်ထား၏။

ရသေ့ကြီးသည် အဖြေကိုမပေး။ ဘုရင်ကိုစောင်းငဲ့ကြည့်ပြီးလျှင် မြေကိုဆက်လက် ပေါက်နေသည်။

ဘုရင်သည်မောပန်းနေရှာသော ရသေ့ကြီးကို ကြင်နာသဖြင့် ''အရှင်ရသေ့တပည့်တော်အား အရှင့်ကိုယ်စား မြေပေါက်ခွင့်ပြုတော်မူပါ''ဟု ဆို။

ရသေ့ကြီးက ''ကျွန်ုပ်ပင်ပန်းနွမ်းနယ်နေရာတွင် သင်ကူညီသည်ကို ကျေးဇူး

တင်လှပါသည်''ဟူ ဆိုကာခွင့်ပြု၏။

ဘုရင်လည်း ရသေ့ကြီးကိုနားစေပြီး ကြိုးစား မြေပေါက်ကာ မြေနှစ်ကွက်ပြီး သွားသည်။

ထိုအခါ ဘုရင်သည်ခေတ နားကာ ပြ နာသုံးရပ်ကို ထပ်မံမေးလျှောက်ပြန်သည်။ ရသေ့ကြီးက မဖြေ။

''ဒကာ ပင်ပန်းလှပြီ။ ငါတစ်လှည့် မြေပေါက်ဦးမည်''ဟူ သာ မိန့်တော်မူ၏။

ဘုရင်ကရသေ့ကြီးအား ပေါက်တူးကိုမပေး။

''တပည့်တော်ပင် ဆက်လက်ပေါက်ပါမည်'' ဟုလျှောက်၏။

နေဝင်ချိန်ရောက်သောအခါ ဘုရင်သည်အလုပ်ကို ရပ်နားလိုက်သည်။

''အရှင်ရသေ့ ပြ နာများကိုသိလို တပည့်တော်ခရီးဝေးမှ လာခဲ့ရပါသည်။ ဖြေတော်မူပါ''ဟု ပန်ကြား၏။

ထိုအခိုက်ပြေးလွှားသံများကို ကြားရသဖြင့်လှမ်းကြည့်လိုက်ရာ လူတစ်ယောက်သည် ဝမ်းဗိုက်ကို လက်ဖြင့်ဖိလျက်သူတို့ထံ ပြေးလာသည်ကိုတွေ့ရသည်။ ထိုသူသည် အနီးသို့ရောက်သောအခါ ညည်းညူလျက်မြေပေါ်သို့လဲကျသွားသည်။ ဘုရင်နှင့်ရသေ့ကြီးသည် ထိုသူ၏သွေးစွန်းအင်္ကျီကို လှမ်းကြည့်လိုက်သောအခါ ဒဏ်ရာကြီးကိုတွေ့ရသည်။ ဘုရင်သည် ကြင်နာစွာဖြင့်ဒဏ်ရာကိုလျင်မြန်စွာပင် ဆေးကြောပေးသည်။ ထို့နောက် ဆေးထည့် ပတ်တီးစည်းပေးသည်။ ရေအေးတစ်ခွက်တိုက်သည်။

ဘုရင်နှင့်ရသေ့ကြီးသည် လူနာကိုညင်သာစွာ ချီမ ကျောင်းသင်္ခမ်းထဲသို့ ချီမသွားသည်။

ထို့နောက်လူနာကို အိပ်ရာပေါ်တွင် သိပ်ထားလိုက်သည်။ ဘုရင်လည်း မောပန်းလှသဖြင့် လူနာအနီးမှာပင်အိပ်စက်လိုက်သည်။

နံနက်လင်း အိပ်ရာမှ နိုးသောအခါဘုရင်သည် သူ့အားကြည်လင်သောမျက်လုံးများဖြင့် ကြည့်နေသောလူနာကိုတွေ့ရသည်။

လူနာက ''ခွင့်လွှတ်ပါအရှင်''ဟူ ဘုရင်ကို တောင်းပန်သည်။ ဘုရင်က''သင့်ကိုကျွန်ုပ်လုံးဝမသိပါ။ ကျွန်ုပ်ကို တောင်းပန်နေသည်မှာ အံ့ဖွယ်ကောင်းလှပါဘိ'' ဟု ဆို၏။

လူနာက ''အရှင်က ကျွန်ုပ်ကိုမသိသော်လည်း ကျွန်ုပ်ကသိပါသည်။ ကျွန်ုပ်သည်အရှင်၏ရန်သူဖြစ်ပါသည်။ အရှင်သည် ကျွန်ုပ်၏နောင်တော်ကိုသတ် ကျွန်ုပ်တို့၏ ဘိုးဘွားပိုင်ပစ ည်းများကို သိမ်းယူခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် အရှင့်ကိုလက်စားချေသတ်ဖြတ်ရန်အတွက် တိတ်တဆိတ်လိုက်လာခြင်း ဖြစ်သည်။ ယမန်နေ့က ကျောင်းသင်္ခမ်းမှအရှင်ပြန်လျှင် လုပ်ကြံရန်အတွက် ချုံခို ကျွန်ုပ်စောင့်မျှော်နေခဲ့

ပါသည်။ နေဝင်သည့်တိုင် အရှင်ပြန်မလာပါ။ ထို့ကြောင့် အရှင့်ကို လုပ်ကြံရန်ထွက်ခဲ့ပါသည်။ ထိုစဉ် အရှင်၏ကိုယ်ရံတော် တစ်ဦးနှင့်တွေ့ပြီး တိုက်ခိုက်ကြရာမှ ဒဏ်ရာရရှိကာ ကျောင်းသခ်မ်းသို့ ကျွန်ုပ်ထွက် ပြေးလာရခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ဒဏ်ရာကို အရှင်ကုသပေးခြင်းမပြုပါက မုချသေဆုံးရမည်ဖြစ်သည်။

ယခုအသက်ရှင်လျက်ရှိသည်မှာ အရှင်၏ကျေးဇူးပင်ဖြစ်ပါသည်။ ကျွန်ုပ်က အရှင့်ကို သတ်မည်ပြုခဲ့သည်။ သို့ရာတွင်အရှင်က ကျွန်ုပ်အသက်ကိုကယ်ခဲ့သည်။ အရှင့်ကို ကျွန်ုပ်လုံးဝရန်မပြုလိုတော့ပြီ။ ကျွန်ုပ်ပြုခဲ့သည့်အမှုကိုလည်း ခွင့်လွှတ်ပါ။ ကျွန်ုပ်ကို အရှင်ပြုလိုရာပြုပါ။ အကယ် အရှင်ခွင့်ပေးမည်ဆိုပါက ကျန်းမာသောအခါ အရှင့်ထံပါးတွင် ကျွန်ုပ်အမှုထမ်းရွက် အရှင့်အကျိုးကို သားစဉ်မြေးဆက်ထမ်းရွက်သွားရန် သစ္စာပြုပါသည်''ဟူ လှိုက်လှဲစွာဖြင့်ပြောဆိုသည်။

သူ့စကားကို ကြားရသောအခါ ဘုရင်သည် အံ့ဩမဆုံးဖြစ်သွားသည်။

''အဆွေ သင့်ကို ငါခွင့်လွှတ်ပါသည်။ အနာပျောက်ကင်းအောင်လည်း အတူပါလာသော ငါ၏သမားတော်ကို ကုသခိုင်းပါမည်။ အနာပျောက်ပါက ငါ့ထံ သင်အမှုထမ်းပါလော့။ ငါသိမ်းပိုက်ထားသော သင်တို့၏ ပစ္စည်းများကိုလည်း ပြန်လည်ပေးအပ်ပါမည်''ဟုဆို၏။

ဘုရင်သည် လူနာကိုတွဲကာ အခြွေအရံများ စခန်းချရာနေရာသို့ ထွက်ခွာသွားမည်ပြုသည်။ မသွားမီရသေ့ကြီးကို ရှိခိုးပြီးနောက် ''ရသေ့မြတ်၊ နောက်ဆုံးအနေဖြင့်တောင်းပန်ပါသည်။ တပည့်တော်သိလိုသော ပြဿနာသုံးရပ်ကို ဖြေနိုင်က ဖြေကြားတော်မူပါ''ဟူ လျှောက်ထားပြန်၏။

ထိုအခါ ရသေ့မြတ်က ''ဒကာ သင်သိလိုသော ပြဿနာသုံးရပ်ကို သင်ကိုယ်တိုင်ဖြေကြားပြီးဖြစ်သည်။ ငါဖြေကြားရန် မလိုတော့ပြီ''ဟူ ဆို၏။

ဤတွင်ဘုရင်က ''ရသေ့မြတ် အရှင်ဆိုလိုသည်ကို နားမလည်နိုင်ပါ။ ပြဿနာသုံးဂရပ်၏အဖြေကို တပည့်တော်မသိနိုင်သဖြင့် မေးမြန်းခဲ့သည့် မဟုတ်ပါလော''ဟုဆို၏။

ထိုအခါ ရသေ့မြတ်က ''ဒကာ မနေ့ကကျွန်ုပ်ပင်ပန်းစွာ မြေပေါက်နေသည်ကို သင်စာနာမှုထား ကူညီခြင်းမပြုဘဲနေပါက ထိုနေ့ညနေမှာပင် သင်ပြန်သွားမည်မဟုတ်ပါလော။ ထိုအခါ သင့်ရန်သူ၏လုပ်ကြံခြင်းကို မလွဲမသွေသင်ခံရပေမည်။ ထို့ကြောင့် သင့်အဖို့ အရေးကြီးသောအချိန်သည် ငါ့ကိုကူညီသောအားဖြင့် သင်မြေပေါက်နေသော အချိန်ဖြစ်သည်။ ထို့အတူ ထိုအချိန်က အရေးအကြီးဆုံးပုဂ္ဂိုလ်မှာလည်း ကျွန်ုပ်ပင်ဖြစ်သည်။ ကျွန်ုပ်အား စာနာကူညီမှုသည် သင့်အဖို့အကောင်းဆုံး အလုပ်

ပင်ဖြစ်သည်''။

''ထို့နောက် ကျွန်ုပ်ထံသို့ သင့်ရန်သူဒဏ်ရာဖြင့် ပြေးလာရာတွင် သင့်အဖို့ အရေးကြီးဆုံးအချိန်မှာ ထိုရန်သူကိုအသက်ဘေးမှ ကင်းဝေးအောင် ပြုစုပေးချိန်ပင် ဖြစ်သည်။ သင်သာ ကယ်တင်ခြင်းမပြုပါက ရန်သူသေဆုံး သင့်နှင့်ရန်ပြေငြိမ်း အောင် ပြုနိုင်မည်မဟုတ်ပါ။ အလားတူပင် သင့်အဖို့ အရေးကြီးဆုံးပုဂ္ဂိုလ်မှာ ထိုအချိန် က ထိုသူပင်ဖြစ်သည်။ ထိုသူအတွက် ပြုစုပေးချိန်သည် ထိုအချိန်က အရေးကြီးဆုံး အလုပ်ပင်ဖြစ်သည်။

''ထို့ကြောင့် လောကတွင် အရေးကြီးဆုံးအချိန်မှာ လက်ရှိအချိန်ပင်ဖြစ်သည်။ လောကတွင် အရေးကြီးဆုံးပုဂ္ဂိုလ်မှာ လက်ရှိအချိန်တွင် သင်နှင့်ဆက်ဆံနေသူသာ ဖြစ်သည်။ အရေးကြီးဆုံးဆောင်ရွက်ရန်ကိစ္စ မှာ လက်ရှိအချိန်၌ ကြုံတွေ့ရသော ထိုသူ၏ ကောင်းကျိုးကို ဆောင်ရွက်ပေးနိုင်မှုပင် ဖြစ်သည်''ဟု ဖြေကြားလိုက်လေသည်။

ဘုရင်လည်း နှစ်သက်ကျေနပ်မဆုံး ဖြစ်သွားသည်။ ''အရှင်ရသေ့ အရှင်၏ ဖြေဆိုချက်သည် မှန်ကန်ပါပေသည်။ တပည့်တော် ဉာဏ်အလင်းရပါပြီအရှင်''ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထား ထွက်ခွာသွားလေသတည်း။

**(ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်း၏ Three Questions)**

**မင်းယုဝေ**

## ရာဟုလာမထေရ်

ဆရာများ၏အဆုံးအမကို နာယူလိုသော အရှင်ရာဟုလာသည် ဗုဒ္ဓဘုရား အလောင်းသိဒ္ဓတ မင်းသား၏တစ်ဦးတည်းသော သားရတနာဖြစ်သည်။ ယသော်ဓရာ ဒေဝီသည် ရာဟုလာကို ဖွားမြင်သောအခါ ဘုရားလောင်းသိဒ္ဓတ မင်းသားအဖို့ လကို ရာဟုဖမ်းသကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့ ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ရာဟုလာ ဟုအမည်တွင်ခဲ့သည်။

မဟာသက ရာဇ် ၁၀၄ ခုနှစ်၊ တပေါင်းလတွင် ဗုဒ္ဓဘုရားရှင်သည် ကပိလဝတ် ပြည်သို့ ကြွတော်မူသည်။ ထိုအခါ ယသော်ဓရာဒေဝီက သားတော်အား–

''ရာဟုလာ ထိုရဟန်းသည် သင်၏ဖခင်တည်း။ သင်သွား သူ့ထံအမွေတောင်း ချေ''ဟု ခိုင်းစေလိုက်သည်။

သိဒ္ဓတ မင်းသားဖွားတော်မူစဉ်က ပေါ်ပေါက်ခဲ့သော ရွှေအိုးကြီးလေးလုံးကို အမွေတောင်းရန်ရည်ရွယ် ပြောဆိုခြင်းဖြစ်သည်။

ရာဟုလာသည် ဗုဒ္ဓဘုရားရှင်ထံချဉ်းကပ်ပြီးလျှင်–

''အရှင်ဘုရား အရှင်၏အရိပ်သည် ချမ်းသာလေစွ'' ဟုဆို၏။ ဘုရားရှင်သည် မည်သို့မျှမပြော။ နေရာမှထ ကျောင်းတော်သို့ ပြန်ကြွ၏။ ရာဟုလာလည်း နောက်မှ လိုက် –

''အရှင်ဘုရား သားတော်အား အမွေပေးပါလော့'' ဟု အကြိမ်ကြိမ်တောင်းဆို ၏။

ကျောင်းတော်သို့ရောက်သောအခါ မြတ်စွာဘုရားက လောကီအမွေထက်မြတ် သောလောကုတ ရာအမွေကိုပေးရန် ကြံရွယ်တော်မူကာ အရှင်သာရိပုတ ရာအား–

''ရာဟုလာ အမွေတောင်းနေသည်။ ရှင်ပြုပေးလိုက်ပါ'' ဟုမိန့်တော်မူ၏။ ထိုစဉ်က သာသနာတော်တွင် ရှင်သာမဏေမရှိသေးပေ။ ထို့ကြောင့် အရှင်သာရိပုတ ရာက ဘုရားရှင်အား မေးလျှောက်သည်။

''အရှင်ဘုရား ရာဟုလာသတို့သားအား မည်သို့ရှင်သာမဏေပြုပေးရပါမည် နည်း''

''ချစ်သား သာရိပုတ ရာ၊ သရဏဂုံသုံးပါးဖြင့် ရှင်သာမဏေပြုနိုင်၏။ ပထမ ဆံရိတ်ပေးရမည်။ ဒုတိယသင်္ကန်းဝတ်ပေးရမည်။ တတိယလက်ဝဲတစ်ဖက် ပခုံးထက် ၌ သင်္ကန်းတင်ကာ ဆောင့်ကြောင့်ထိုင် ရဟန်းတို့ကို ရှိခိုးစေလျက် သရဏဂုံသုံး ကြိမ်ရွတ်ဆိုစေရမည်။ ဤအချက်များ ပြည့်စုံလျှင် ရှင်သာမဏေဖြစ်သည်''

ဟု ဘုရားရှင်ကမိန့်တော်မူ၏။

ဤသို့ဖြင့် ရာဟုလာသည် ခုနစ်နှစ်သားအရွယ်တွင် ပထမဦးဆုံးသော ရှင်သာမဏေဖြစ်လာခဲ့သည်။ ရှင်ရာဟုလာသည် ဘုရားရှင်နှင့်တကွ ဆရာများ၏အဆုံးအမကို မြတ်နိုးစွာခံယူလျက် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကြိုးစားဆည်းပူးသည်။

ရာဟုလာသည် နေ့စဉ်ပင် အိပ်ရာမှ စောစီးစွာထသည်။ ထို့နောက် လက်ခုပ်ဖြင့် သဲမှုန်များကို ကျုံးယူပြီးနောက်–

''ငါသည် ယနေ့အဖို့ရာ မြတ်စွာဘုရားရှင်ထံတော်မှလည်းကောင်း၊ ဆရာဥပဇ္ဈာယ်တို့၏ အထံတော်မှလည်းကောင်း၊ ဤသဲမှုန်နှင့်အမျှ အဆုံးအမသြဝါဒကို ရပါလို၏။'' ဟု ဆိုလေ့ရှိ၏။

''ရာဟုလာသည် အရွယ်နှင့်မလိုက်အောင်ပင် အဆုံးအမကို ခံယူလိုသူဖြစ်ပေသည်။ အတုမရှိသော အဖကောင်းသားပီသပါပေသည်'' ဟုရဟန်းအများက ချီးကျူးကြသည်။

ထို့ပြင် ရာဟုလာသည် ရေမရှိသောရေအိုးသို့ ရေဖြည့်၏။ အမှိုက်များကိုလှည်းကျင်း၏။ ရဟန်းတို့တံမြက်လှည်း စုပုံထားသောအမှိုက်တို့ကို စွန့်ပစ်၏။ နေသားတကျမရှိသော အရာဝတ္ထုများကို မြင်လျှင် နေသားတကျရှိအောင် သင့်လျော်ရာတွင် ထားသိုပေး၏။ ရဟန်းတို့သည် ရာဟုလာ၏ ပြုမူပုံကိုလွန်စွာမြတ်နိုးလှ၏။

သို့သော် ရာဟုလာ၏စိတ်ကို စမ်းသောအနေဖြင့် သူခပ်ထားသောရေတို့ကို သွန်ပစ်၏။ သူတံမြက်လှည်းထားသောနေရာတွင် အမှိုက်များဖြန့်ကြဲထား၏။ နေသားတကျရှိအောင် သူသိမ်းဆည်းထားသည်တို့ကို နေသားတကျမရှိအောင် ပြန်လည်ပြုထား၏။ ထို့နောက် သူ့ကိုအပြစ်တင်ကြ၏။

''ရှင်ရာဟုလာ၊ သင်သည်လွန်စွာပျင်း၏။ ရေမခပ်၊ အမှိုက်မလှည်း၊ အရာဝတ္ထုတို့ကို နေသားတကျမထား''

ဤသို့ ရဟန်းတို့ဆိုကြသည်ကို မည်သို့မျှပြန်လည်ပြောဆိုခြင်းမပြု။ အသစ်တစ်ဖန်ထပ်မံ ရေခပ်၏။ အမှိုက်လှည်း၏။ နေသားတကျမရှိသည်တို့ကို နေသားတကျဖြစ်အောင်ပြု၏။ ထိုအခါ ရဟန်းတို့ပိုမိုမြတ်နိုးမဆုံးရှိကြသည်။

မြတ်စွာဘုရားသည် ရာဟုလာအား သိက္ခာပုဒ်မြဲစေရန် ရာဟုလောဝါဒသုတ်ဖြင့် ဆုံးမတော်မူသည်။ ရာဟုလာသည် သိက္ခာပုဒ်တို့ကို ခိုင်မာစွာလိုက်နာသည်။ အသက် (၁၈)နှစ်အရွယ်အထိ ပြက်ရယ်ပြုသော စကားကိုမျှမပြောချေ။ ထို့ပြင် ဘုရားရှင်၏သားတော်ဖြစ်သော်လည်း လွန်စွာနှိမ့်ချတော်မူသည်။

တစ်နေ့သ၌ မိုးချုပ်သောအခါတွင် များစွာသော မထေရ်တို့သည် ဇေတဝန်ကျောင်းတိုက်အတွင်းသို့ ဝင်လာကြသည်။ ရှင်ရာဟုလာမထေရ်၏ နေရာသို့တိုင်

ဝင်ရောက်နေထိုင်ကြသည်။ ရှင်ရာဟုလာသည် တားမြစ်ခြင်းမပြု၊ မိမိအတွက် တခြား နေရာတစ်ခုကို ရှာသည်။ နေရာရှာမရသဖြင့် ဘုရားရှင်၏ဂန္ဓကုဋ္ဌီကျောင်းတော် မုခ်ဦးရှိ အကာအရံမရှိသောနေရာ၌ လျောင်းစက်ရရှာသည်။

ရှင်ရာဟုလာ၏ကိုယ်တော်မှာ ယောကျ်ားမြတ်တို့၏ ၃၂ပါးသော လက္ခဏာ တော်ကြီး၊ ၈၀ သောလက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသည်။ တင့်တယ်သော ရူပ ကာယရှိ၏။ ဆယ့်ရှစ်နှစ်သားအရွယ်တွင် ဘုရားရှင်နောက်တော်ပါးမှ ဆွမ်းခံလိုက်စဉ် ရှေ့မှကြွတော်မူသော ဘုရားရှင်၏ရုပ်အဆင်းနှင့် မိမိ၏ရုပ်အဆင်းတို့ တင့်တယ်လှပပုံ ကိုကြည့်ရှုကာ မိသားစုချစ်ခြင်းဖြင့် ချစ်ခင်မြတ်နိုးစိတ်များ ဖြစ်ပေါ်မိ၏။ ဤတွင် ဘုရားရှင်က ထိုစိတ်ဓာတ်များ ကင်းစင်သွားစေရန် 'မဟာရာဟုလောဝါဒ' သုတ န်ကို ဟောကြားတော်မူသည်။

အရှင်ရာဟုလာသည် အသက် (၂၀)ပြည့်သောအခါ ရဟန်းပြုသည်။ ရဟန်းပြု ပြီးစ တစ်ဝါမပြည့်မီပင် ဘုရားရှင်က ''စူဠရာဟုလောဝါဒ'သုတ်ကို ဟောတော်မူ သည်။ ထိုတရားတော် အဆုံး၌ပင် အရှင်ရာဟုလာသည် ရဟန္တာအဖြစ်သို့ရောက်တော် မူသည်။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ် သံဃာတော်တို့ ၏အလယ်၌ ရှင်ရာဟုလာအား 'သိက္ခာကာမာနံ' တေဒဂ်ဘွဲ့ချီးမြှ င့်တော်မူသည်။ သိက္ခာကိုထိန်းသိမ်းရာတွင် အလွန်ခိုင်မြဲလွန်ကဲသောကြောင့် ဤဘွဲ့ကို ပေးအပ်တော် မူခြင်း ဖြစ်သည်။

အရှင်ရာဟုလာသည် ခမည်းတော် ဘုရားရှင်ထက်စော ပရိနိဗ္ဗာန်ပြုတော် မူသည်။ သက်တော် (၄၄)နှစ်တွင်ပင် တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ ခြင်းဖြစ်သည်ဟု ဆိုကြသည်။

**မင်းယုဝေ**

**(ညီတော်အာနန္ဒာနှင့်တေဒဂ်ရပုဂ္ဂိုလ်ထူးများ စာအုပ်မှ)**

# ဒေါ်လာခြောက်သိန်းခွဲနှင့်လူ

စုစုပေါင်းငွေမှာ ဒေါ်လာခြောက်သိန်းခွဲ။ သည်ငွေတို့ကို သူသည် လွယ်အိတ်တစ်လုံးတွင်ထည့်ပြီး သွားလေရာအရပ်သို့ ယူဆောင်သွားသည်။ ခြောက်နှစ်ကြာမျှကိုယ်ပေါ်မှမခွာ။ တစ်ပြားတစ်ချပ်မှ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ သူကား အီရှမ်ဂရင်းဟဲရစ် (၁၈၁၈–၁၈၉၇)ဆိုသူဖြစ်သည်။ အမေရိကန်ပြည်၊ တင်နက်စီပြည်နယ်၏ ဘုရင်ခံဖြစ်သည်။ သူဘုရင်ခံဖြစ်ပြီး မကြာမီပင် အမေရိကန်ပြည်တွင်းစစ်ဖြစ်ပွားသည်။

၁၈၆၁ ခုမှစ တောင်ပိုင်းနှင့်မြောက်ပိုင်းတို့ တိုက်ခိုက်ကြသည်။

ဘုရင်ခံဟဲရစ်သည် မြောက်ပိုင်းဘက်မှ ရပ်တည်သည်။ သူသည် မြောက်ပိုင်းတပ်တွင်သာမန်စစ်သားတစ်ဦးအဖြစ် စာရင်းသွင်းကာ ပါဝင်တိုက်ခိုက်သည်။ သူသည်သူ့မြို့၊ သူ့အိမ်ကိုစွန့်ခွာလျက် လေးနှစ်ကြာမျှအနယ်နယ်အရပ်ရပ်သို့ ချီတက်ကာစစ်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

ထူးခြားသည်ကား သည်လိုစစ်မြေထွက် တိုက်ခိုက်ရာတွင် ဒေါ်လာ ခြောက်သိန်းခွဲကိုလည်း သူနှင့်မကွဲမကွာယူခဲ့ခြင်းဖြစ်သည်။ ယင်းငွေတို့ကို အိမ်တွင်ထားခဲ့ရန်စိတ်မချသဖြင့် လွယ်အိတ်ကြီးတစ်လုံးတွင်ထည့်ကာ သူကိုယ်တွင်လွယ်လျက် ယူဆောင်လာခဲ့ပေသည်။

တောင်ပိုင်းနှင့်မြောက်ပိုင်းတို့သည် လေးနှစ်ကြာမျှတိုက်ခိုက်ပြီးသောအခါ ၁၈၆၅ ခုတွင် ပြည်တွင်းစစ်ပြီးဆုံးသွားသည်။ မြောက်ပိုင်းတပ်များ အရေးနိမ့်သဖြင့် အားလုံးလက်နက်ချလိုက်ကြရသည်။ ဘုရင်ခံဟဲရစ်သည် နေရင်းမြို့သို့ မပြန်နိုင်။ မက စီကိုနှင့် အင်္ဂလန်တို့တွင် သွားရောက်နေထိုင်ခဲ့သည်။ နှစ်နှစ်ခန့်ကြာသောအခါတွင်မှ သူမြို့သို့ ပြန်ရောက်လာသည်။ ထိုအခါ သူနှင့်အတူ ယူဆောင်သွားသော ငွေများလည်း ပါလာသည်။

ထိုငွေများကား သူပိုင်ငွေများမဟုတ်။ ပြည်သူပိုင်ငွေများဖြစ်သည်။ တင်နက်စီပြည်နယ်၊ အစိုးရကျောင်း၏ ရန်ပုံငွေများဖြစ်သည်။ ပြည်တွင်းစစ်မဖြစ်မီက သက်ဆိုင်ရာတို့က ထိုငွေများကို ဘုရင်ခံဖြစ်သော သူ့ထံအပ်နှံထားကြသည်။ သူက တာဝန်ယူထိန်းသိမ်းပေးထားရသည်။

ပြည်တွင်းစစ်ဖြစ်ပွားသောအခါ သူသည် သူပိုင်ငွေများကို ဂရုမစိုက်နိုင်။ သူ့ကိုယုံကြည်စွာ အပ်နှံထားသည့် ထိုငွေများမပျောက်မရှရအောင်သာ အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ယင်းတို့ကို မျက်စိအောက်မှ အပျောက်မခံ။ သွားလေရာသို့ယူဆောင်သွားခဲ့သည်။

ထိုအတွင်း သူသည် ငွေရေးကြေးရေး အကျပ်အတည်းနှင့် ကြုံတွေ့ခဲ့သည်။ အစားအသောက် အနေအထိုင် အဆင်မပြေဖြစ်ခဲ့သည်။ သို့ရာတွင် သူသည် ထိုငွေတို့ကို မတို့မထိ။ တစ်ပြားတစ်ချပ်မျှ ယူ မသုံးခဲ့ပေ။

ခြောက်နှစ်ကြာ သူမြို့ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ထိုငွေဒေါ်လာခြောက်သိန်းခွဲကို သက်ဆိုင်ရာတာဝန်ရှိသူတို့ထံ ပြန်လည်ပေးအပ်ခဲ့ပေသည်။ ထိုအကြောင်းကို ကြားသိရသူတိုင်း သူ့စိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင်ကြပေ။

**မင်းယုဝေ**

**(သူမတူများစာအုပ်မှ)**

# ငွေသုံးထောင်

လက်ဖက်ရည်ဆိုင်မှနာရီကို လှမ်းကြည့်လိုက်သောအခါည (၉)နာရီမိနစ် (၅၀) ရှိနေပြီ။

ကိုဘကျော်သည် ဆိုက ားသိမ်း အိမ်ပြန်မည်ပြုသည်။ မပြန်မီသူသည် အိတ်ထဲမှ ငွေများကိုထုတ် ရေတွက်ကြည့်သည်။ စုစုပေါင်း (၂၉)ကျပ်ရှိနေသည်ကို တွေ့ရသည်။

သူ့မျက်နှာမှာ ဝင်းထိန်သွားသည်။ ယနေ့အဖို့ ကောင်းကောင်းတွက်ခြေကိုက်သွားပြီ။ မနေ့ကဆိုလျှင် (၂၃)ကျပ်သာရသည်။ ဆိုက ားပိုင်ရှင်အတွက် တစ်နေ့လျှင် ဆိုက ားငှားခ ခုနစ်ကျပ်သာပေးရသည်။ သည်နေ့အဖို့ (၂၉)ကျပ်သာရသည်ဆိုတော့ ဆိုက ားခုနစ်ကျပ်ကို နုတ်လိုက်လျှင် သူ့အတွက် (၂၂)ကျပ် ကျန်နေပြီ။

သူ့အိမ်မှာ ဗဟန်းဈေးအနီးတွင်ရှိသည်။ သူသည် ဆိုက ားဂိတ်ရှိရာမြေနီကုန်းမှ သူ့အိမ်သို့ဆိုက ားကို မှန်မှန်နင်း ပြန်လာသည်။ ည၌နက်လာပြီဖြစ် လူသွားလူလာအတော်ရှင်းနေသည်။

သူသည် ဘောင်ဒရီလမ်းအတိုင်း ပြန်လာသည်။ ဝိဇယ ုပ်ရှင်ံ ကို လွန်သောအခါ လမ်းဘေးမှ လူတစ်ယောက်က သူ့ကိုလှမ်းခေါ်လိုက်သည်။ မနီးမဝေးတွင် ဖောက်စ်ဝက်ဂွန်ကားလုံးကလေးတစ်စီး ရပ်ထားသည်ကိုလည်း တွေ့ရသည်။ ကိုဘကျော်က ဆိုက ားကို ထိုးရပ်လိုက်သည်။

''ကျွန်တော့်ကို အင်းလျားလမ်း လိုက်ပို့ပါ''

''အင်းလျားလမ်းဘယ်နားအထိလဲ ဆရာ။ တော်တော်ဝေးသလား။ ကျွန်တော်အိမ်ပြန်တော့မလို့ ဆိုက ားသိမ်းလာတာ''

''သိပ်မဝေးပါဘူးဗျာ။ အင်းလျားကျောင်းဆောင်နားတွင်ပါ။ ကျွန်တော့်ကားပျက်နေလို့ဗျာ။ အိမ်ပြန်ပြီးကားပြင်တဲ့ ညီတစ်ယောက်ကို ခေါ်မလို့။ ကျွန်တော့်ကို ပို့ပေးံ ပါ။ ဒီပြန်လာတော့ အိမ်နီးချင်းမိတ်ဆွေတစ်ဦးရဲ့ကားနဲ့ ပြန်လာမှာပါ''

''ဒီလိုဆိုလည်း တက်ပါဆရာ။ ကျွန်တော်လိုက်ပို့ပေးပါ့မယ်''

ထိုသူက ဆိုက ားခဘယ်လောက်ကျသည်ကိုပင် မမေး။ ဆိုက ားပေါ်စွေ့ခနဲ တက်ထိုင်လိုက်သည်။ ကိုဘကျော်ကလည်း ဆိုက ားခဈေးနှုန်းကိုမပြော။ တစ်ရှိန်ထိုးဆိုက ားနင်း ထွက်လာခဲ့သည်။

ကိုဘကျော်က အသက် (၅၂)နှစ်။ ထိုသူမှာမူ ကိုဘကျော်အောက် ငါးနှစ်လောက် ငယ်ပုံရသည်။ သူ့ကြည့်ရသည်မှာ ယဉ်ကျေးသိမ်မွေ့သည်။ ကျေန္တတက သိုလ်မှဆရာတစ်ဦးဦး ဖြစ်နေမည်ထင်သည်။ ကိုဘကျော်သည် စပ်စုရန်ဝါသနာမပါသဖြင့်

မေးမကြည့်။ ထိုသူကလည်း သူ့ကိုစကားတစ်ခွန်းမျှမပြော။ သူ့ကားပျက်နေသည် ကိစ ကိုပင် စိတ်စောနေဟန်တူသည်။

ကိုဘကျော်က သူ့ထံမှဆိုက ားခတစ်ဆယ်လောက်တော့ ရလိမ့်မည်ဟုမှန်းဆကြည့်သည်။ အခါတိုင်းဆိုလျှင် သည်ခရီးမျိုးကို လေးငါးကျပ်လောက်တော့ တောင်းမိမည်။ ယခုလို ညအချိန်မတော်ဆိုလျှင် တစ်ဆယ်လောက်တော့ တောင်းရမည်ပင်။ သူသည် ငွေတစ်ဆယ်ရတော့မည်ဟူ တွေးထင်မိသောအခါ ရွှင်ပျသွားသည်။ သည်နေ့လာဘ်ကောင်းသောနေ့ပါကလား။ သူ့မျှော်မှန်းချက် အကောင်အထည်ပေါ်လာရန် နီးလာပြီ။ သူ့ရည်မှန်းချက်ကား အခြားမဟုတ်။ ကိုယ်ပိုင်ဆိုက ားတစ်စီးဝယ်ယူရန်ဖြစ်သည်။ သူငွေစုလာသည်မှာ ကြာပြီ။ ဆိုက်ကားတစ်စီးဖိုးပြည့်ရန် အလိုတွင် ဆိုက ားဈေးကတက်သွားသည်။ သည်လိုနှင့် မဝယ်နိုင်ဖြစ်ခဲ့သည်။ ယခုဆိုက ားဈေးက (၄၅၀၀)ကျပ်။ သူ့စုငွေက (၄၀၀၀) ကျပ်နီးပါး။ သည်နှစ်ထဲတွင်တော့ မုချသူအောင်ရမည်။ ဆိုက ားဝယ်နိုင်လိမ့်မည်။

ကိုဘကျော်သည် ယခင်က ုံးတစ် ုံးတွင် ုံးအကူအလုပ်ကိုလုပ်ကိုင်ခဲ့သည်။ မသန်းနှင့်အိမ်ထောင်ကျပြီးနောက် ကလေးနှစ်ယောက်ရသောအခါ အလုပ်ထွက်လိုက်သည်။ ဆိုက ားဝင်နင်းသည်။ သူ၏ကြိုးစားမှုကြောင့် မိသားစုစားဝတ်နေရေးမှာ မကြောင့်မကြရှိလာသည်။ သူဆိုက ားနင်းသည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း(၂၀)ခန့်ရှိပေပြီ။ ယနေ့ သူ့ဝင်ငွေသည် တစ်နေ့လျှင် (၂၅)ကျပ်မှ (၃၀)ကျပ်အထိရှိသည်။ ဆိုက ားငှားခ ခုနစ်ကျပ်ကို နုတ်လိုက်လျှင် သူ့အတွက် (၁၈)ကျပ်မှ (၂၃)ကျပ်လောက်ကျန်သည်။

အိမ်လခမှာ တစ်လကို (၃၀) ကျပ်ပေးရသည်။ မသန်း၏မိဘများတွင် ကိုယ်ပိုင်အိမ်ကလေးတစ်လုံးရှိသည်။ သူတို့က အိမ်တစ်ခြမ်းကိုပိုင်ပြီး သမီးနှင့်သမက်ကို ဈေးချိုချိုဖြင့် ပြန်ငှားထားခြင်းဖြစ်သည်။ ကိုဘကျော်အဖို့ နေရေးမှာမပူရတော့ပေ။

မသန်းကလည်း မယားကောင်းပီသသည်။ အိမ်ရှင်မကောင်းအရည်အချင်း အပြည့်အဝရှိသည်။ တတ်စွမ်းသမျှ ခြိုးခြံချွေတာသုံးစွဲသည်။ ထို့ပြင် တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေတိုးအောင် ရှာလိုက်သေးသည်။ ငှက်ပျောသီး၊ မုန့်၊ ကောက်ည င်းထုပ်စသည်တို့ကို ပင်ရင်းမှဝယ်သည်။ ယင်းတို့ကိုဆယ်ပြားတန် အတုံးကလေးများပြုကာ အိမ်နှင့်မနီးမဝေးရှိ မူလတန်းကျောင်းကလေးတွင် သွားရောင်းသည်။ တစ်နေ့လျှင် လေးကျပ် ငါးကျပ်လောင် အမြတ်ဝင်ငွေရသည်။

သူတို့လင်မယားနှစ်ယောက်တည်းဆိုလျှင် ကိုယ်ပိုင်ဆိုက ားဝယ်နိုင်သည်မှာ ကြာပြီ။ ယခုတော့ သားသမီးနှစ်ယောက်ရှိနေသဖြင့် ဆိုက ားမဝယ်နိုင်သေးပေ။ သားအကြီးမြင့်အောင်က ကိုးတန်းကျောင်းသား၊ သမီးအငယ် မြင့်မြင့်အေးက ခုနစ်တန်းကျောင်းသူ။ သူတို့အတွက် စားစရိတ်အပြင် ကျောင်းစရိတ်ကလည်း မသက်သာ။

သို့ရာတွင် ကိုဘကျော်တို့လင်မယားသည် အားခဲ ငွေစုလာခဲ့သည်။ သူတို့ဘဝတွင် ဆိုက ား‌တစ်စီးပိုင်ဆိုင်ရေးသည် အဓိကဖြစ်သည်။ ကိုယ်ပိုင်ဆိုက ားနှင့်ဆိုလျှင် ဆိုက ား ငှားခလည်း ပေးရန်မလို။ ထို့ပြင်ကိုဘကျော်နေထိုင်မကောင်းသောရက်များတွင် တစ်ယောက်ယောက် ငှားထားနိုင်သေးသည်။

မသန်းက ထီတစ်ကြိမ်လျှင် ထီတစ်စောင်မှန်မှန်ထိုးသည်။ အတိတ်က ဆိုက ား ဝယ်ရန်တဲ့။ ''ကိုဘကျော်ရယ် ကျွန်မလေ ထီများပေါက်ရင်ရှင့်ဖို့အကောင်းဆုံး ဆိုက ား တစ်စီးပြေးဝယ်မှာရှင့်''ဟု အားပါးတရ ပြောတတ်သည်။

''အေးဟာ ငါလည်းဆိုက ားပဲ လိုချင်တာပဲ။ သူများတွေက ထီပေါက်ရင် ဘာလုပ်မယ် ညာလုပ်မယ်နဲ့ပြောကြတယ်။ ငါကတော့ ထီပေါက်ရင်ဆိုက ားပဲ ဝယ်မှာပဲ။ နောက်ပြီး ဒီအလုပ်ကိုလည်း မစွန့်ပါဘူး။ ဆိုက ားဆက်ဆွဲမှာပဲ''ဟု သူကပြန်ပြောတတ်သည်။

''ကဲ ရောက်ပြီဆရာရေ။ လက်ဝဲဘက်က အိမ်ရှေ့မှာရပ်ပေးတော့''

ဆိုက ားစီးလာသူ၏အသံကြောင့် ကိုဘကျော်၏အတွေးများသည် လွင့်စင်ပျောက်ကွယ်သွားလေသည်။ သူသည် တိုက်ပုကလေးရှေ့တွင် ဆိုက ားကိုထိုးရပ်လိုက်သည်။ တိုက်ကလေးမှာ ခြံနှင့်ဝင်းနှင့်ဖြစ် သာသာယာယာရှိသည်။

''ဆိုက ားခ ဘယ်လောက်ပေးရမလဲ''

''ဆရာသင့်သလိုပဲ ကြည့်ပေးပါခင်ဗျာ''

''ရော့ဗျာ ဒါဖြင့် (၁၅) ကျပ်ယူပေတော့။ ကျေနပ်ရဲ့လား''

''ကျေနပ်ပါတယ်ဆရာ။ ထုံးစံတော့ ဒီအချိန်မှာ ဒီခရီးမျိုးက (၁၀) ကျပ်လောက်ပဲ ယူပါတယ်''

''ကိစ မရှိဘူးဗျာ။ (၁၅) ကျပ်ပဲယူသွားပါ။ ကျွန်တော်အခက်အခဲတွေ့နေတုန်း ခင်ဗျားကူညီပြီး လိုက်ပို့တာလည်း ကျေးဇူးတင်ပါတယ်''

''ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်ဆရာ''

ကိုဘကျော်က လှိုက်လှဲစွာပြောဆိုပြီး ထွက်လာခဲ့သည်။ သူ့ဆိုက ားမှာ လျင်မြန်နေသည်။ ဝမ်းသာကျေနပ်နေသဖြင့် သူ့ခြေတို့က အလိုလိုသွက်နေသည်။ ဆိုက ား ဝယ်ရန် စုငွေထဲသို့ သည်နေ့အဖို့ငွေနှစ်ဆယ်ကျော်လောက် ထည့်ဝင်နိုင်တော့မည် မဟုတ်လား။

သူပြန်ရောက်သောအခါ မသန်းက ပူပန်စွာဖြင့် စောင့်မျှော်နေသည်ကိုတွေ့ရသည်။

''နောက်ကျလှချည်လား ကိုဘကျော်ရယ်''

''လူတစ်ယောက် ကားပျက်နေတာနဲ့ အင်းလျားလမ်းလိုက်ပို့နေလို့ကွယ်။ ပို့ရ

ကျိုးလည်းနပ်ပါတယ်။ သူက (၁၅)ကျပ်တောင်ပေးတယ်''

သူသည် မသန်းပြင်ထားသော ဘဲဥဟင်းနှင့်ထမင်းကို အားပါးတရစားနေလေသည်။

\+ + + + +

ညကညဥ့်နက်မှ အိပ်ရာဝင်သဖြင့် ကိုဘကျော်သည် ယနေ့နံနက်တွင် အိပ်ရာထနောက်ကျနေသည်။ (၆)နာရီပင်ကျော်နေပြီ။

သူသည်မသန်းကြော်ထားသော ပဲပြုတ်နှင့်ထမင်းကြော်ကို တဝစားသည်။ ထို့နောက်ဘေးရှိ ဆိုက ားနံထဲသို့ ဝင်လာခဲ့သည်။ အစာကဆိုက ားကို ပိုင်ရှင်ထံပြန်ပြန်အပ်ရသည်။ ယခုမူ သူဆိုက ားနင်းလာသည်မှာ ကာလကြာပြီဖြစ်၍ ပိုင်ရှင်က သူ့ကိုစိတ်ချထားသည်။ ထို့ကြောင့် ဆိုက ားကို ကိုဘကျော်အိမ်မှာပင်ထားစေသည်။ ကိုဘကျော်ကလည်း ဆိုက ားနံဆောက် လုံလုံခြုံခြုံထားသည်။ မိမိပိုင်ဆိုက ားနှင့်မခြားသေချာကျနစွာပင် ထိန်းသိမ်းပြုပြင်ပေးသည်။

ကိုဘကျော်သည် ဆိုက ားကို တိုက်ချွတ်သည်။ ထို့နောက် ဖုန်ခါတိုက်ချွတ်ရန်အတွက် ရှေ့ကူရှင်ဖုံးကို လှမ်းယူလိုက်သည်။ သည်တွင် ကူရှင်ဖုံးကြားမှ စက ူအိတ်ထူထူတစ်ခု ကျလာသည်။ ဘာများပါလိမ့်။ ကိုဘကျော်က သိလိုဇောဖြင့် စက ူအိတ်ကို ကောက်ယူဖွင့်ကြည့်လိုက်သည်။

''ဟယ် ငွေတွေပါလား''

ငွေစက ူများဖြစ်သည်။ ရာဘာကွင်းဖြင့် စည်းနှောင်ထားသည်။ ရေတွက်ကြည့်သောအခါ ငွေစက ူအရွက်ပေါင်း (၁၂၀)၊ စုစုပေါင်းငွေ သုံးထောင်ကျပ်။

ကိုဘကျော်ရင်မှာ တလှပ်လှပ်လှုပ်ရှားသွားသည်။ နေရာမှထခုန်ချင်လောက်အောင် ဝမ်းသာသွားသည်။ အကယ် မသန်းထီပေါက်လျှင် သည်လောက်ပင် သူဝမ်းသာမည်။ သည်ထက်တော့ ပိုမည်မထင်။

သူအဖို့ နှစ်ပေါင်းများစွာ မျှော်မှန်းတောင့်တလာသော ရည်မှန်းချက်ကြီးပြည့်စုံပြီ။ သည်ငွေသုံးထောင်ထဲမှ (၅၀၀) ကျပ်ကိုယူပြီး သူတို့စုထားသော ငွေလေးထောင်ကျပ်နှင့် ပေါင်းလိုက်လျှင် ဆိုက ားကောင်းကောင်းတစ်စီး ရနိုင်ပြီ။ ထို့ပြင် ပိုသောငွေ (၂၅၀၀) ကျပ်ကို ကြိုက်ရာသုံးနိုင်ပြီ။ မသန်းအတွက် ပါတိတ်လုံချည်ကောင်းကောင်းတစ်ထည်။ ရွှေလက်စွပ်ကလေးတစ်ကွင်း။ သားနှင့်သမီးတောင့်တလှသော ရေဒီယိုတစ်လုံး။ အား ဘာသုံးသုံး ဘာဝယ်ဝယ်။

ထိုစဉ် သူသည် တစ်စုံတစ်ခုကို ႔တ်တရက်တွေးလိုက်မိသည်။

''ဒီငွေတွေဟာ ညက ငါလိုက်ပို့ခဲ့တဲ့ အင်းလျားလမ်းအိမ်က လူရဲ့ငွေတွေဖြစ်မှာပဲ။ ဟုတ်ပြီ သူကျန်ခဲ့တာဖြစ်နေမှာပဲ။ အင်း သူ့ခမျာ ငွေသုံးထောင်ကျပျောက်လို့

စိတ်မကောင်းဖြစ်နေမှာပဲ။ သူသိပ်သဘောကောင်းတာ။ ငါ့ကိုဆိုက ၁းခ (၁၅)ကျပ် တောင်ပေးလိုက်တယ်''

သည်လိုတွေးမိရာမှ သူ့စိတ်သည် တည်တည်ငြိမ်ငြိမ် ရှိလာသည်။

''ဒီငွေတွေဟာ ပိုင်ရှင်ရှိတယ်။ ငါမပိုင်ဘူး။ ပိုင်ရှင်ဘယ်သူဆိုတာလည်း ငါသိတယ်။ ငါယူမထားသင့်ဘူး။ ငါပြန်ပေးသင့်တယ်။ ငါဆိုက ၁းနင်းလာတာ အနှစ် (၂၀) ကျော်ပြီ။ ပိုင်ရှင်မေ့ကျန်တဲ့ပစ ည်းရှိရင် ပြန်ပေးခဲ့တာချည်းပဲ။ ငါ့အလုပ်ကို ဘယ်တော့မှအထိပါးမခံခဲ့ဘူး။ ဆိုက ၁းစီးသူတွေအပေါ်ကို ငါအမြဲတမ်း သစ ၁စောင့်ခဲ့တယ်။ အခုလည်းဆက်ပြီး ငါသစ ၁စောင့်ရမယ်''

မကြာမီ ကိုဘကျော်သည် အင်းလျားလမ်းရှိ ညက လူဆင်းသွားသော တိုက်ပုကလေးရှေ့သို့ ရောက်သွားသည်။ သူသည်ဆိုက ၁းကို ဆင်ဝင်အောက်သို့ ရောက်သည်အထိ နင်းဝင်သွားသည်။ ထို့နောက် ဆိုက ၁းပေါ်မှ ဆင်းလိုက်ပြီးအိမ်ရှေ့တွင် သွားရပ်သည်။ ငွေထုပ်ကိုလည်း သူ့လွယ်အိတ်ကလေးတွင် ထည့်ပြီးကိုင်ထားသည်။

''ဆ ရ ၁ ... ဆ ရ ၁''

အခန့်သင့်ပင် ညကလူထွက်လာသည်။

''ဟော ဆိုက ၁းဆရာကြီးပါလား။ ဘာကိစ ရှိလို့လဲ လာထိုင်ဗျာ''

''ကျွန်တော် မထိုင်တော့ပါဘူး ဆရာ။ ညက ဆရာ့ငွေထုပ်များ မေ့ကျန်ခဲ့သလားလို့ လာမေးတာပါ''

''ဟင် ကျွန်တော့်ငွေတွေ ခင်ဗျားဆိုက ၁းပေါ် မေ့ကျန်ခဲ့တာကိုး။ ဟုတ်တယ် ကျွန်တော် မေ့ကျန်ခဲ့ပါတယ်။ ငွေသုံးထောင်လေ''

''ဒီမှာ ဆရာ့ငွေတွေပါ။ ကျွန်တော် ပြန်လာပေးတာပါ''

ပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲမှ ငွေထုပ်ကိုထုတ် ကိုဘကျော်ကထိုသူ့ကို လှမ်းပေးသည်။ ထိုသူက ငွေများလှမ်းယူရင်း–

''ခဏဗျာဆရာကြီး ထိုင်ပါဦး''

ကိုဘကျော်က ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်သည်။ ထိုသူက ကိုဘကျော်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင်ဝင်ထိုင်သည်။

''ကျွန်တော်က ဒီငွေတွေ ကားထဲမှာကျန်ရစ်ပြီး ပျောက်သွားပြီထင်နေတာဗျ။ ကျွန်တော်လည်း ကားပျက်တာ စိတ်ရောက်ပြီး မေ့သွားတော့တာပဲ။ ဒီငွေတွေက ကျွန်တော့်တို့ရဲ့ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးကိုရည်စူးပြီး စစ်ကိုင်းဘက်မှာ ဘုန်းတော်ကြီးကျောင်းဆောက်တာကို ထည့်ဝင်ဖို့သွားလှူတဲ့ငွေတွေ။ စစ်ကိုင်းက ဆရာတော်ကြီးက ညရထားနဲ့ပြန်ကြွသွားတာနဲ မမီလိုက်တော့ဘူး။ ဒါနဲ့နောက်မှ

လူကြုံနဲ့ ပို့မယ်ဆိုပြီး ပြန်ယူလာတာ။ တစ်ခါတည်းကားပျက်ပြီး အခုလိုခင်ဗျား လက်ထဲ ရောက်သွားတာပဲ''

''ကျွန်တော်ကလည်း ဆရာ့ငွေဖြစ်မှာပဲလို့ထင်ပြီး ပြန်လာပေးတာပါ''

''ခင်ဗျား တကယ့်ပုဂ္ဂိုလ်ပဲဗျာ။ ဒီပြင်လူဆိုရင် ပြန်ပေးမှာ မဟုတ်ဘူး။ ခင်ဗျား အလွန်ရိုးသားဖြောင့်မတ်တာပဲ''

ထိုသူက အေးဆေးတည်ငြိမ်စွာပြောသည်။ ထို့နောက် တစ်စုံတစ်ခုစဉ်းစား ကာ ဆုံးဖြတ်ချက်ချလိုက်ပြီးလျှင်–

''ခင်ဗျားပြန်မပေးရင် ဒီငွေတွေအားလုံး ဆုံးမှာပဲ။ သိပ်ကျေးဇူးတင်တယ်ဗျာ။ ဒီတော့ ခင်ဗျားကိုကျွန်တော် ကျေးဇူးဆပ်တဲ့အနေနဲ့ရော ခင်ဗျားရဲ့စိတ်ဓာတ်ကို ချီး ကျူးတဲ့အနေနဲ့ရော ဂုဏ်ပြုချင်ပါတယ်။ ကျွန်တော်ငွေတစ်ထောင် ပေးပါရစေ။ လက်ခံ ပါနော်''

ထိုသူက ငွေထုပ်ထဲမှ ငွေတစ်ထောင်ကို ထုတ်ပြီးလျှင် ကိုဘကျော်ကို လှမ်း ပေးသည်။

ကိုဘကျော်၏ရင်ထဲမှာ လှုပ်ရှားနေသည်။ သူသည် ငွေကို လှမ်းယူလိုက် သောအခါ သူ့လက်များတုန်နေပေသည်။

''ကျေးဇူးတင်ပါတယ်ဆရာရယ်''

ကိုဘကျော်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ထိုသူကိုနှုတ်ဆက် ထွက်လာခဲ့ သည်။ မူလအစီအစဉ်မှာ ထိုသူကိုငွေပြန်ပေးပြီးနောက် ဆိုက ားဂိတ်သို့ သွားရန်ဖြစ် သည်။ ယခုမူ ကိုဘကျော်သည် ဆိုက ားကိုဂိတ်ရှိရာသို့ နင်းမသွားတော့။ သူ့အိမ် ရှိရာဘက်သို့သာ နင်းသွားသည်။ ဆိုက ားသည် မနေ့ညက ထိုသူ့ထံမှ ပြန်လာစဉ်က ထက်ပင် လျင်မြန်နေသည်။ သူ့ ခြေတို့မှာလည်း အလွန်သွက်လက်နေပေတော့သည်။

**မင်းယုဝေ**

## ရေအောက်မှအပြန်

**ဂယက်နီ**

အင်းလျားကန်ကြီးကား ကျယ်ပြန့်လှပါပေသည်။ အချို့နေရာများတွင် လူအများ ရေချိုးနေကြပြီး အချို့နေရာများတွင် ငါးမျှားသူများရှိနေပါသည်။

ကျွန်တော်တို့ ကြက်ခြေနီအဖွဲ့ စခန်းချရာဘက်တွင် ရေအနည်းငယ်တိမ်သည်ဟုဆိုပါသည်။ ထိုနေရာတွင် ကျွန်တော်တို့ ရေချိုးကြသည်၊ ရေကူးကြသည်။ ရေမကူးတတ်သေးသူများမှာ ရေနက်ဖက်သို့ ထွက်ခွင့်မရကြပါ။ သူတို့ကိုယ်တိုင်လည်း မထွက်ဝံ့ကြပါ။

ကျွန်တော်သည် အခြားသူများထက် ရေကူးမြန်မြန်တတ်ခဲ့ပါသည်။ ဝလွန်းသူတိုင်း ရေပေါ်ခြင်းကြောင့်ဟု လူတို့ကပြောကြပါသည်။ သူတို့က ကျွန်တော့်ကို 'ဆင်ပေါက်'ဟု ခေါ်ကြပါသည်။ အမှန်ပင်ကျွန်တော်သည် အခြားသူများထက် တစ်ဆခန့်ဝသူဖြစ်ပါသည်။ သူတို့ကို ကျွန်တော်မငြင်းနိုင်ခဲ့ပါ။

ကျွန်တော်သည် ရေပြင်တွင် ကူးခတ်တတ်သော်လည်း ဒိုင်ဗင်မထိုးဝံ့ပါ။ ရေထဲသို့ ရေကူးရန်ဆင်းလျှင် ကျွန်တော့်မျက်မှန်ကို ကုန်းပေါ်တွင်ချွတ်ထားခဲ့ပါသည်။ မျက်မှန်မပါလျှင် ဘာကိုမျှ ကောင်းကောင်းမမြင်ရပါ။ သို့သော်လည်း မျက်မှန်တပ်လျက် ရေကူး မဖြစ်ပါ။

တစ်နေ့တွင် ဆရာကကျွန်တော်တို့အားလုံးကို ရေငုပ်သင်ရမည်ဟုဆိုပါသည်။ ဘဲရေငုပ်နည်းအတိုင်းဖြစ်ပါသည်။ ပထမဆုံးရေနက်ဖက်သို့ ကူးသွားရမည်။ ထို့နောက် ဘဲရေငုတ်သည့်အတိုင်း ရေထဲသို့ဦးခေါင်းစိုက်ချလိုက်ရမည်။ ထို့နောက် ရေနက်ထဲသို့ ငုပ်ဆင်းသွားရမည်။ ရေနက်ထဲတွင် အတန်ကြာငုပ်လျက် ကူးခတ်နေပြီးရေပေါ်သို့ ပြန်တက်လာရမည်။ အပြောအားဖြင့် လွယ်လှပါသည်။ ဘဲများအဖို့ မွေးစကပင် ရေငုတ်တတ်ကြမည်ဖြစ်သော်လည်း ကျွန်တော်တို့အဖို့ မလွယ်လှပါ။

ဤသို့ဖြင့် ကျွန်တော်သည် ရေငုပ်သင်ရပါသည်။။ ရေအောက်သို့ ပစ်ချလိုက်သော အုတ်ခဲကိုငုပ်ယူပြီး ပြန်တက်လာနိုင်ရန် လေ့ကျင့်ရပါမည်။ ရေနစ်သူကို ကယ်ဆယ်နိုင်ရေးအတွက် လေ့ကျင့်ခြင်းဟုဆိုပါသည်။ ရေနစ်သူတိုင်းသည် ရေပေါ်သို့ သုံးကြိမ်တိတိပေါ်လာတတ်ပြီး နောက်ဆုံးတွင် ရေအောက်သို့လုံးဝနစ်သွားတတ်သည်ဟုဆိုပါသည်။ ရေအောက်တွင်ရောက်နေသော ရေနစ်သူကို ငုတ်ဆယ်ယူနိုင်ရေးအတွက် ပထမဆုံးအုတ်ခဲကို ငုပ်ဆယ်ခြင်းဖြင့် စတင်လေ့ကျင့်ကြရပါသည်။ ထိုမှတစ်ဆင့် ရေနစ်ဟန်ပြုနေသောလူကို ဆယ်ယူကြရပါသည်။ ဤသို့အဆင့်ဆင့် လေ့ကျင့်ရပါသည်။

''ဒီမှာ ဟောဒီအုတ်ခဲကို ပစ်ချလိုက်မယ်။ မင်းကလိုက်ငုပ်သွား၊ မြေပြင်ကို

မရောက်ခင် မီအောင်လိုက်မယ်။ အေး အုတ်ခဲမြေပြင်ရောက်သွားလို့ ရွှံ့ထဲနစ်သွားရင် မင်းဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး။ အုတ်ခဲကို မင်းဘယ်တော့မှရှာတွေ့တော့မှမဟုတ်ဘူး'' ရေကူးသင်ဆရာက ပြောပါသည်။ အုတ်ခဲကို အဖြူရောင်လက်ကိုင်ပဝါဖြင့် ပတ်ချည်ထားပါသည်။ ရေအောက်တွင် အလွယ်တကူ မြင်နိုင်ရန် စီမံထားခြင်းဖြစ်ပါသည်။

ဆရာက ကျန်ရေကူးသင်သူများကို ကုန်းပေါ်သို့ တက်နေစေသည်။ သူတို့သည် စီတန်းရပ်လျက် ကျွန်တော့်ကို ကြည့်နေကြပါသည်။ သို့သော်လည်း ကျွန်တော်သည် သူတို့ကိုဝိုးတဝါးသာ မြင်နေရပါသည်။ သူတို့၏စကားပြောသံ၊ ရယ်မောသံများကိုသာ ကြားနေရပါသည်။ ရေထဲတွင်ကား ကျွန်တော်တစ်ယောက်တည်း ရပ်နေပါသည်။

ထိုအခိုက် ကျွန်တော့်ခေါင်းပေါ်မှ ဖြတ်ကျော်ပစ်လိုက်သော အုတ်ခဲကို မြင်လိုက်ရပါသည်။ ရှေ့ဖက်လှမ်းလှမ်း ရေထဲသို့ကျသံပေါ်ထွက်လာပါသည်။

ကျွန်တော့်ခေါင်းထဲတွင် လျှပ်တပြက်အတွေးများ ဖြစ်ပေါ်ခဲ့ပါသည်။ ကျွန်တော်ငုပ်နိုင်ပါမည်လော။ ငုပ်နိုင်မည်မထင်။ ရေထဲတွင် ပေါလောမျောနေမည်ထင်သည်။

သို့တစေလည်း ကျွန်တော်သည် လေကိုအားပါးတရရှူလိုက်ကာ ရေထဲသို့ ဦးခေါင်းစိုက်ချလိုက်ပါသည်။ ကျွန်တော့်ခြေထောက်များမှာ ရေမျက်နှာပြင်အပေါ်သို့ ထောင်တက်သွားပါသည်။ ပထမတွင် ခြေထောက်များမှာ လေထဲတွင်ပင်ရှိနေဆဲဖြစ်ပါသည်။ ထို့နောက်တွင်မှ ရေထဲသို့ လုံးဝမြုပ်ဝင်လာသည်ကို ခံစားရပါသည်။ ကျွန်တော့်တစ်ကိုယ်လုံး ရေအောက်ထဲသို့ ဆင်းသက်နေပြီမဟုတ်ပါလော။

ပထမတွင် ကျွန်တော်သည် မျက်လုံးများကို မှိတ်ထားမိပါသည်။ အလိုအလျောက်မှိတ်ထားမိခြင်းပင် ဖြစ်ပါသည်။ သို့နှင့် မျက်လုံးများကို ကြိုးစားဖွင့်လိုက်ပါသည်။ အနည်းငယ်မြင်လာရပြီ။ လူတိုင်းလူတိုင်း ရေထဲတွင်ဤမျှသာ မြင်မည်ထင်ပါသည်။

ရေမှာအစိမ်းရောင် ဘိလပ်ရည်နှင့်တူလှပါသည်။ ရေထဲတွင် ဖြေးလေးစွာလှုပ်နေသော အရာများတွေ့ရပါသည်။ အုတ်ခဲမှာစက နို့အနည်းငယ်စော ကျဆင်းသွားနှင့်ပါသည်။ သို့ကြောင့် ခပ်လှမ်းလှမ်းတွင် မြင်နေရသော အဖြူရောင်မှာ အုတ်ခဲပင်ဖြစ်မည်ထင်ပါသည်။ ယင်းအဖြူရောင်နောက်သို့ တည့်တည့်မတ်မတ် ငုတ်လိုက်သွားပါသည်။

ရေအောက်ထဲတွင် ကူးခတ်သွားရသည်မှာ ရယ်စရာကောင်းလှပါသည်။ အလွန်တိတ်ဆိတ်ငြိမ်သက်လှပါသည်။ ရေမျက်နှာပြင်အပေါ်ဖက်တွင်သာ ဆူညံသံ၊ အော်ဟစ်သံ နေရောင်နှင့်လေတို့ ခိုနေပါသည်။ ကျွန်တော်နှင့်အုတ်ခဲသော ရေအောက်ထဲ

တွင် ရှိနေကြသည်။ အုတ်ခဲက ရေအောက်သို့ ကျဆင်းနေသည်။ ကျွန်တော်က ယင်းကိုမီအောင် လိုက်နေရပါသည်။

သည်နေရာတွင် ရေမနက်ကြောင်း ကျွန်တော်သိထားပါသည်။ သို့သော် ယခုတိုင် မြေပြင်ကိုမမြင်ရသေးပါ။ ကျွန်တော့်အဆုတ်ထဲတွင် ရှူသွင်းခဲ့သောလေ ရှိနေပါသေးသည်။ ကျွန်တော် မစိုးရိမ်ပါ။

ရေ၏အရောင်မှာ အစိမ်းရောင်မှ အညိုရောင်သို့ ပြောင်းသွားပါသည်။ ညိုရာမှ မဲမှောင်စပြုလာပါပြီ။ မည်သည့်အရာကိုမျှ မမြင်ရတော့မည်အလား။

သို့တစေလည်း ရေအောက်မြေပြင်ကိုမြင်ရပြီ။ ရွှံ့နွံထဲတွင် မြုတ်စပြုနေသော အုတ်ခဲကို တွေ့ရပြီ။ ထောင့်စွန်းကလေးတစ်ဖက်ပေါ်နေသည်။ အဖြူရောင်လက်ကိုင်ပဝါကိုကားမမြင်ရပါ။ လမ်းတွင်ပြုတ်ကျန်ရစ်ပြီထင်သည်။

ကျွန်တော်သည် ရွှံ့ထဲသို့လက်ကို ထိုးသွင်းလိုက်ပြီး အုတ်ခဲကို မြဲမြဲဆုတ်ကိုင်လိုက်သည်။ ထို့နောက်တွင်ကား အုတ်ခဲကိုကိုင်လျက် ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်ရေးကိုသာ တွေးလိုက်မိပါသည်။ အခြားမည်သည့်အတွေးကိုမျှ မတွေးတော့ပါ။

ရေအောက်မြေပြင်မှ အနယ်များထလာသဖြင့် ကျွန်တော်သည်ဘာကိုမျှ မမြင်ရတော့ပါ။ လမ်းမှားသွားလေမည်လားဟု စိုးရိမ်လိုက်မိပါသည်။ ရေအောက်ထဲ အတိုင်းအဝေးဖက်သို့ ကူးသွားမိလျှင် မခက်ပါလော။ ရေမျက်နှာပြင်ပေါ်သို့ ပြန်မရောက်နိုင်လျှင် မခက်ပါလော။

အပြန်တွင်မှ ဤမျှစိုးရိမ်နေသော ကျွန်တော့်အဖြစ်မှာ ရယ်ဖွယ်ကောင်းနေပါသည်။ အပေါ်သို့ လျင်မြန်စွာပြန်တက်နေပြီဖြစ်ကြောင်း သတိပြုမိပါသည်။ ရေအရောင်မှာ ညိုမည်းရာမှ အစိမ်းရင့်ရောင်၊ အစိမ်းရင့်ရောင်မှ အစိမ်းဖျော့ရောင်သို့ အဆင့်ဆင့်ပြောင်းလာနေပါသည်။ ရေထဲမှဖြတ် နေရောင်ကိုပင် မြင်နေရပါပြီ။ ရေမျက်နှာပြင်နှင့် အလွန်နီးကပ်နေပါပြီ။

ထိုအခါမှ ကျွန်တော်၏အတက်နှုန်းမှာ သိသိသာသာနှေးကွေးသွားကြောင်း သတိပြုမိလိုက်သည်။ ကျွန်တော် စိုးရိမ်လာပါပြီ။ ရေမျက်နှာပြင်အပေါ်သို့ ရောက်နိုင်ပါတော့မည်လော။

လေထဲသို့ ပြန်ရောက်တော့မည် မထင်ပါ။

ထိုအခိုက်မှာပင် ကျွန်တော်သည် ရေပေါ်သို့ဘွားခနဲပေါ်တက်သွားပါသည်။ ဘာကိုမျှမတွေးနိုင်မီ အောင့်ရှူထားသော လေကိုမှုတ်ထုတ်လိုက်ပြီး လေသစ်ကို လျင်မြန်စွာ ရှူသွင်းလိုက်ပါသည်။ အုတ်ခဲကိုကား မလွှတ်တမ်းကိုင်ထားလျက်။

ကန်ရေသည် နှာခေါင်းမှတစ်ဆင့် ပါးစပ်အတွင်း ဝင်သွားပါသည်။ အလွန်အခံရ

ခက်ပါသည်။ သည်အဖြစ်မျိုးကို ကျွန်တော် အလွန်မုန်းပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်ပတ်လည်တွင် အသက်ရှူနိုင်သော လေထုကြီး ရှိနေပြီမဟုတ်ပါလော။ ယခုအခါ ကျွန်တော်သည် အသက်တစ်ရာအထိ ရှင်နေနိုင်ဦးမည်။ လဗိမာန်ပေါ်တွင် လမ်းလျှောက်ရကောင်း လျှောက်ရလိမ့်မည်။ ရေနစ်နေသူ တစ်ဦးဦးကို ကယ်ဆယ်နိုင်ပြီး သတင်းစာတွင် အချီးကျူးခံရကောင်း ခံရဦးမည်။

ထိုအခါမှ အော်ဟစ်သံများကို ကျွန်တော်ကြားလာရသည်။

''ဆင်ပေါက်ကွ ဆင်ပေါက်''ဟု အော်ဟစ်လိုက်သော သူငယ်ချင်းများ၏ အသံပင်ဖြစ်သည်။

သို့သော်လည်း ဆရာသည်စိတ်ပျက်စွာ ဦးခေါင်းကိုခါရမ်းနေပါသည်။

''မင်းငုပ်ယူလာတဲ့ပစ ည်းကိုလည်း ကြည့်ပါဦးဆင်ပေါက်ရာ''

ကျွန်တော်သည် ကမ်းစပ်သို့ကူးခတ်လာခဲ့ပါသည်။ သူတို့က ကျွန်တော့်ကို ကူတင်ကြပါသည်။ ကျွန်တော့်မျက်မှန်ကိုလည်း ယူပေးကြပါသည်။

ကျွန်တော်သည် မျက်မှန်ကိုတတ်ကာ ငုပ်ယူလာသောပစ ည်းကို ကြည့်လိုက်ပါသည်။

အုတ်ခဲမဟုတ်ပါတကား။ အုတ်ခဲနှင့်တစ်ပုံစံတည်းတူသော သံပုံးဟောင်းတစ်ခုပင်ဖြစ်ပါသည်။ ယင်းသည် အုတ်ခဲကဲ့သို့လေးလံနေပါသည်။ အတွင်းတွင်ရွှံ့များအပြည့် ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ရွှံ့များကို ဂုတစိုက် ထုတ်ကြည့်ပါသော်လည်းအထဲ တွင် အခြားဘာမှမရှိပါ။ ငါးမျှားလာသူအချို့သည် စားစရာများကို သံပုံးများဖြင့် ထည့်ယူလာတတ်ကြသည်။ ဤသံပုံးမှာ ငါးမျှားသူ တစ်ဦးဦးကျကျန်ရစ်သော သံပုံး ပင်ဖြစ်နိုင်ပါသည်။ ရေအောက်ထဲတွင် မည်မျှကြာကြာ နစ်မြုပ်နေခဲ့ရသည်မသိပါ။ ကျွန်တော်သာမတွေ့ခဲ့လျှင် ဤသံပုံးရေအောက်ထဲတွင် ထာဝရနစ်မြုပ်နေရလိမ့်မည်။

ကျွန်တော်သည် ကြိုးစားပမ်းစား ငုတ်ယူလာခဲ့ရသော ထိုသံပုံးကို ကောင်းစွာ ဆေးကြောပြီး အိမ်သို့ယူလာခဲ့ပါသည်။ ထိုသံပုံးထဲတွင် ပိုက်ဆံစုပါသည်။

ထိုနေ့က ကျွန်တော်သည်နောက်တစ်ကြိမ် ရေငုပ်လေ့ကျင့်ရပါသည်။ ပစ်ချလိုက်သောအုတ်ခဲကို ကောင်းစွာငုပ်ယူနိုင်ပါသည်။ စိုးရိမ်စိတ် လုံးဝမရှိတော့ပါ။ သံပုံးကို ငုပ်ယူလာခဲ့ရစဉ်ကကဲ့သို့ မပင်ပန်းတော့ပါ။

ကျွန်တော်သည် ထိုသံပုံးကို တစ်သက်လုံးသိမ်းဆည်းထားမည် ဖြစ်ပါသည်။

**ဂယက်နီ**

**(ရွှေခဲကလေး လူငယ် ဝတ ၂တိုများ ၁၉၇၂၊ နိုဝင်ဘာ)**

# စကားလုံးတွေနဲ့ နင်လားငါလား

''ယနေ့ခေတ် လူငယ်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ကြသည်''တဲ့။

''ဒီအဆိုကိုကြည့်ပါ။ ဝေဖန်ပါ၊ သုံးသပ်ပါ၊ အကြွင်းမဲ့မှန်ကန်တဲ့သစ္စာစကား ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီး ဘာမှသံသယဖြစ်နေစရာမလိုပါဘူး။ သံသယဖြစ်ရင် ဘာမှမလုပ်ပါနဲ့တဲ့။ ပြင်သစ်စကားပုံက ဆိုပါတယ်။ ကျွန်တော့်အနေနဲ့ ဘာမှသံသယမဖြစ်ပါဘူး။ လုံးဝမှန်ကန်တယ်လို့ ယုံကြည်တဲ့အတွက် ဒီစင်မြင့်ပေါ်ကို ရဲရဲကြီး တက်လာခဲ့ရခြင်း ဖြစ်ပါတယ်''

အံမယ်ကြီးကျယ်လို့။ သူက အလာကြီး။ စကားပုံတွေဘာတွေကိုးကားလို့။ ပြောထားဦးပေါ့သန်းအောင်ရယ်။ အလှည့်ကျမခွဲ့စတမ်းနော်။ နောက်မှ အမယ်လေး ဗျကြောက်ပါပြီ မိသစ်ရယ်လို့လာမပြောနဲ့။ ဘာအခုမှ ကြောက်ပါပြီလဲဆိုပြီး မိသစ်တို့က ပညာပေးမှာ။

မြို့နယ်ကကြီးမှူးပြီး မိသစ်တို့မြို့မှာ အမျိုးသားနေ့အထိမ်းအမှတ် စကားရည်လုပွဲကျင်းပတယ်လေ။ လူကြီးတွေက အဆိုရှင်၊ အချေရှင်တို့တွေကို အသေအချာ စမ်းသပ်ရွေးချယ်ပြီးမှ တာဝန်ပေးတာ။ အဆိုရှင်က အမျိုးသားသုံးယောက်၊ အချေရှင်က မိသစ်အပါအဝင် အမျိုးသမီးသုံးယောက်။ မိသစ်တို့က ကျရာကဏ္ဍက ကြိုမှာပဲ။ ကူညီပြီး စီစဉ်ညွှန်ကြားပြသပေးဖို့ ပြင်ပက သင့်လျော်တဲ့ပုဂ္ဂိုလ်ခြောက်ဦးကိုလည်း အဆိုဘက်အချေဘက် တစ်ဖက်သုံးဦးစီ တာဝန်ခွဲဝေပေးထားပါတယ်။

မိသစ်တို့ကို ကူညီညွှန်ကြားပေးသူတွေကတော့ ဆရာဦးဇော်မင်းဦးဆောင်တဲ့ ဘက်စုံနှံ့စပ်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။ မိသစ်တို့အားရတယ်။ အားကိုရလောက်အောင် အကြံဉာဏ်တွေရတယ်။ အဲ သူတို့အမျိုးသားတွေဘက်ကလည်း ဘယ်ခေလိမ့်မလဲ။ ဥပဒေပညာရှင်တွေနဲ့ ကဗျာဆရာပါဝင်တဲ့ တိုးတက်သောအင်အားစုပါပဲ။

ယေဘုယျကြည့်ရင် ခွန္တာကိုယ်ဖွဲ့စည်းပုံအရကိုက မိသစ်တို့အမျိုးသမီးတွေဘက်က အားနည်းနေလေတော့ အရာရာမှာ သူတို့ပုရိသယောက်ျားကြီးတွေလောက် မစွမ်းဆောင်နိုင်တာ အမှန်ပါပဲ။ သူတို့ဘက်က ဆိုစရာတင်စရာတွေ လူ့သမိုင်းနဲ့ကို ချီပြီး တစ်လှေကြီးရှိပါတယ်။ အချက်အလက်တွေအနေနဲ့ဆို သူတို့ဘက်က အများကြီး အားသာမှာကို မိသစ်တို့တွေးထားပြီးသားပါ။ ဒီတော့ မိသစ်တို့ နည်းဗျူဟာသုံးရမှာပါ။ မိန်းမသားတွေက ဉာဏ်များတယ်လေ။ စကားရည်လုပွဲမှာ တင်ဆက်ပုံ တင်ပြပုံ ဉာဏ်နဲ့ နှုတ်စွမ်းရည်ဟာ ပဓာနအခန်းက ပါဝင်တယ်မဟုတ်လား။

စကားရည်လုပွဲကို အမျိုးသားနေ့မှာပဲ မြို့တော်ခန်းမမှာ ကျင်းပတယ်။ မြို့နယ် ကလူကြီးတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းတော်သူ ကျောင်းတော်သား လူငယ် ထုတွေနဲ့ ခန်းမကြီးတစ်ခုလုံး ပွင့်လျှံနေတာပေါ့။

''အားပေးကြတဲ့ ပရိသတ်တွေကတော့ မြင်တဲ့အတိုင်းပဲသစ်သစ်၊ အမိတို့သာ အစွမ်းပြကြပေတော့။ စိတ်ကိုအေးအေးထား။ အလောမကြီးနဲ့။ ဒေါသမကြီးနဲ့။ မခိုင် သတိထားနော်။ ဆရာတို့က ကိုယ့်တပည့်တွေရဲ့ အစွမ်းအစကို အပြည့်အဝယုံကြည် ပြီးသား''

မိသစ်တို့ ဆရာတွေက ပွဲမစတင်မီ နောက်ဆုံးအချိန်ထိ အနီးကပ်ကြီးကြပ် ပြီး အားပေးစကားဆိုနေလိုက်တာ အားတက်စရာပါပဲ။ ပြောရဦးမယ်။ မိသစ်တို့မြို့က မြို့တော်ခန်းမဟာ အတော်ခမ်းနားပြီး ခံ့ညားတဲ့ကြွေကြိုဆောင်ပါတယ်။ တော်ရုံ အစွမ်းအစနဲ့ ခန်းမရဲ့စင်မြင့်ပေါ်ကို တက်ဖို့မလွယ်ပါဘူး။ ဒူးနှစ်ဖက်တုန်ကိုက်လောက်ပါ တယ်။ ဒါပေမဲ့ ကနေ့တော့ မိသစ်တို့တစ်တွေ ဒါတွေမတွေးအားပါဘူး။ အဆိုရှင်တွေ ဘာတွေဆင်လာမလဲ။ တင်လာမလဲ။ ဒါကို မိသစ်တို့က ဘယ်လိုပြန်ချေပရမလဲ။ ဒါတွေပဲ အတွေးပွားနေမိတယ်။

အိုးဝေတဲ့ ညံညံ...
ရွှေဒေါင်းညို တောင်တော်ဦးမှာ
ကျူးရင့်အောင်သံ။
အောင်ပွဲရယ်ခံ၊ နိုင်ငံတဲ့သာရေး။
မင်္ဂလာစည်တော်ရွှမ်းချိန်မို့
ခွန်းဆက်ချိုတေး။

သူတို့ဘက် ဆရာကြီးအိုးဝေ ဦးညိုမြရေးသားတဲ့ အမျိုးသားအောင်ပွဲနေ့ မင်္ဂလာ ခွန်းဆက်တေးကို အသံနေအသံထားနဲ့ အခန့်စားဟဲပြီး အဆိုကိုစတယ်။ ''အမျိုး၏ ဂုဏ်ကိုမဖျက်ပါလင့်။ မြန်မာလူမျိုးတို့၏ ဦးခေါင်းနှင့်တူသောငါသည် စစ်တလင်း၌ ပျက်စီးခြင်းသို့ရောက်ငြားလည်း အမြီးနှင့်တူသောငါ၏ မြန်မာလူမျိုးတို့ လှုပ်ရှားလုပ်ကြံ ထူထောင်ချိမ့်မည်ဟု ငါယုံကြည်သည်''ဆိုတဲ့ အလောင်းမင်းတရားကြီးရဲ့ စကားက နေစပြီး မြန်မာ့သမိုင်းစဉ်တလျှောက် သူတို့အမျိုးသားတွေ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ကြကြောင်းကို သာဓကတွေနဲ့ တင်ပြသွားကြပါတယ်။

ဒီအထဲမှာ ရန်ကုန်တက္ကသိုလ်သပိတ်မှောက်မို့ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၈ ရက်နေ့၊ ရွှေတိဂုံကုန်းတော်ပေါ် စနေထောင့်မှာ သပိတ်မှောက်ရေးဆွေး နွေးခဲ့ကြတဲ့ခေါင်းဆောင် ၁၁ ဦးရှိတယ်။ တစ်ခါ သပိတ်မှောက်ရေးကိစ ဆောင်ရွက်ဖို့ ၂၆ ဦး ကော်မတီကို ဖွဲ့စည်းခဲ့ကြပါတယ်။ အဲဒီမှာတိုင်းချစ်ပြည်ချစ် စိတ်ဓာတ်တွေ

ရှိလှပါတယ်ဆိုတဲ့ အမိတို့အမျိုးသမီးတွေ တစ်ဦးမှ မပါပါလားတဲ့။ သပြေနုချိန်တင်ရန် ပန်းတွေများသနဲ့ ဖေပုရိုန်အင်္ဂလန်နန်းမြေသွားမှာဖြင့်ပေါ့လေ။ သူတို့အမျိုးသားတွေက အမျိုးသားရေးအတွက် ဆောင်ရွက်နေချိန်မှာ အမျိုးသမီးတွေကတော့ ပန်းသပြေနဲ့ ညောင်ရေလောင်းပြီးလွမ်းလျက် မမေ့စရာနော်ကွယ်။ ဆွမ်းသက်စေ့လှူတဲ့အဆင့်၊ အိမ်တွင်းမှုလုပ်သိမ်းထုပ်သေချာဆိုတဲ့ အဆင့်လောက် အနေအထားလောက်ပဲရှိတဲ့အကြောင်း အဲဒီအချိန်မှာ အမျိုးသမီးတွေဘာလုပ်နေကြသလဲဆိုတာနဲ့ ပတ်သက်ပြီး ''အချို့မိန်းကလေးများသည် အင်္ဂလိပ်ကျောင်းမှာထားလို့ အင်္ဂလိပ်စကားမှစ အမျိုးမျိုးလည်ပတ်လာံမက သွားဟန်လာဟန် ဘိုဆန်ဆန်နှင့် ဘိုသံပါအောင်စကားသုံး၊ မျက်လုံးမှာမှန်တပ်၊ စိတ်ဓာတ်ကဘိလပ်၊ ႏူးဖိနပ်နောက်ပိတ်နှင့် သားရေအိတ်လက်ကဆွဲပြီး တကတည်းမြန်မာဇာတ်ပျက်ကုန်တော့တာပဲ'' ဆိုတဲ့လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ သန်းသန်းဝတ ၊ထဲက စာပိုဒ်ကိုပါရွတ်ကြပြီး စာပေနဲ့ ခေတ်ရဲ့ကြေးမုံကိုထင်ဟပ်ပြသွားပါသေးတယ်။

ပြီးတော့လည်း ဆရာဇဝနရဲ ဆာယိုးနားယားစာအုပ်ထဲက 'တုတ်လာလည်း ငါတွဲလိုက်မှာ ကုလားလာစငါကကြိုက်တာ။ ဂျပန်လာတော့ ငါနော့ချင်ရှာ၊ ယော်ရောရှိ ဂွိစီဂွိစိပါ'' ဆိုတဲ့ သရော်စာပါ အဆစ်ထည့်လိုက်သေး။ အဲဒီလိုအမျိုးသမီးတွေ အမျိုးသားရေးစိတ်ဓာတ်ခေါင်းပါးနေလို့ ၁၉၂၀ ပြည့်နှစ် ပြည်မြို့မှာ ကျင်းပတဲ့ ဝိုင်အမ်ဘီအေကွန်ဖရင့်ရဲ့ ဒုတိယနေ့မှာ မြန်မာအမျိုးသမီးများ၊ နိုင်ငံခြားသားတို့နှင့် အိမ်ထောင်ပြုရာတွင် ဗုဒ္ဓဘာသာဓမ္မသတ်၊ ရာဇသတ်များနှင့်အညီ လက်ထပ် တရားဝင်မယားဖြစ်ရေးအတွက် ဥပဒေပြဋ္ဌာန်းပေးရန် အစိုးရအား တိုက်တွန်းရန်အဆိုကို သူတို့လို အမျိုးသားတစ်ဦးဖြစ်တဲ့ သာယာဝတီဦးပုက တင်သွင်းခဲ့ရပြီး ကုမ္မာရီအသင်းက ဒေါ်စိန်ညွှန့်က ထောက်ခံခဲ့ရတယ်။ သူတို့အမျိုးသမီးတွေကိုယ်တိုင်က ဝန်ခံခဲ့တဲ့သဘောနော်တဲ့။ မင်းတို့ ၁၈၅ တစ်မိုက်တစ်ထွာမျှရယ်နဲ့ ငြင်းဖို့သန်ရ မိုက်ရာကျပါလိမ့်တဲ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလေသံနဲ့ လာချည်သေး။ ဟာဟ။

ကြည့်လေ့။ သူတို့ဘက်က အချက်အလက်တွေက အတော်လေး ခိုင်မာတောင့်တင်းတာတွေ့ရတယ်။ ဒီတော့မိသစ်တို့ဘက်ကလည်း ပြောတိုင်းယုံမနေပါနဲ့။ တိုင်းပြုပြည်ပြုလုပ်ငန်းလုပ်တဲ့ နေရာမှာရော၊ မျိုးချစ်စိတ်ထက်သန်တဲ့ နေရာမှာပါ။ အမျိုးသမီးတွေပါဝင်ခဲ့ကြောင်း၊ သမိုင်းဖြစ်စဉ်ကို စာအုပ်၊ စာအုပ်မျက်နှာနံပါတ်နဲ့ တကွ ညွှန်းပြပြီး မသိသေးရင် ရှာကြည့်ဖတ်ကြည့်ဦးလို့ တိုက်တွန်းရတယ်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုလွှမ်းမိုးနိုင်တာတို့။ ယနေ့ခေတ် အမျိုးသမီးတွေဟာ ခေတ်နဲ့ရင်ပေါင်တန်းပြီး အမျိုးသားတွေနဲ့တန်းတူ ကျရာကဏ္ဍက နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြပြီဆိုတာမသိတာ အံ့ပါရော။

ယနေ့နိုင်ငံတော်ရဲ့ အဖျက်သမား အင်အားစုအများဟာ အမျိုးသားတွေ မဟုတ်လား။ မူးယစ်ဆေးဝါးတားဆီးရေးတွေကို အမျိုးသားတွေကြောင့် လုပ်နေရတာ။ အမျိုးသားတွေသနပ်ခါး ပိန်းကျားိုက်ပြီး သ ုပ်ပျက်ဝတ်စား ဆင်ယင်နေကြကာကော စသဖြင့်ပေါ့လေ။ မိသစ်တို့ကလည်း ရရာလက်နက်တွေနဲ့ တွယ်ရတော့တာပဲလေ။ အဲပြောရဦးမယ်။ သ ုပ်ပျက်ဝတ်စား ဆင်ယင်မှုနဲ့ပတ်သက်ပြီး တစ်ဖက်က ပြန်နှက်တာမိသစ်တို့ အလူးအလဲခံလိုက်ရသေးရဲ့။ အေးလေ တချို့မိန်းကလေးတွေကလည်း ပြောစမှတ်ဖြစ်လောက်အောင် ဝတ်စားတာ ကွာနြေသြီက္ခာမဲ့နေကြတာကိုး ခံပေါ့။

ပြီးတော့လည်း မိန်းမသားတွေဟာ 'သျှောင်နောက်ဆံထုံးပါ၊ ုန်းမဖယ်သာလို့ မောင်ဘယ်ကိုသွားသွား အပါးကမခွာနိုင်ပေ၊ မိန်းကလေးတို့ရဲ့ ကျက်သရေ၊ ကျွန်မတို့ ကျွန်မတို့မိန်းကလေးကျက်သရေ ချစ်သူသက် ဝေ အိမ်သူ့ဆွေဖြစ်တဲ့အကြောင်း၊ မောင်ပြန်လာရင် အဆင်သင့်ဖြစ်ဖို့ကွယ်။ ချက်ပြုတ်ထားတာ ဖွယ်ဖွယ်ရာရာ များလှပါတယ်''ကအစ မောင်ရှေ့ကိုတည့်တည့်လျှောက်လေ မေလည်း တည့်တည့်လိုက်ကာ လျှောက်မယ်မောင်ရေ'' အဆုံးသီချင်းတွေဆိုပြီး ဖျော်ဖြေရေးလုပ်သွားကြပါသေးတယ်။ စတိတ်ိုးကျနေတာပါပဲ။ ဒီတော့ စိတ်ဆတ်တဲ့ မခိုင်တစ်ယောက်လည်း စိတ်အချဉ်ပေါက်ပေါက်နဲ့ ''ချစ်ချစ် ချစ်ချစ်က ပစ်ခွာသွားတော့ မောင်ဘယ်သူနဲ့ နေရမှာလဲလို့'' ဖြစ်နေတာ ဘယ်သူတွေပါလဲလို့ ထဟစ်မိ တော့ ပွဲကျသွားတာပါပဲ။ ကဲ့မှတ်ရော။

မိသစ်က နောက်ဆုံးပြောခွင့်ရပါတယ်။ အပြီးသတ်ချေမှုန်းရေးပေါ့။

နိဂုံးချုပ်မှာ မိသစ်ကပွဲသိမ်းလုပ်လိုက်ပုံက ဒီလိုပါ။ သူတို့ပြောသွားတဲ့စကားရှိတယ်မဟုတ်လား။ အမြော်အမြင်နည်းပါးတဲ့ စုဖုရားလတ်တို့၊ ဆင်ဖြူမရှင်တို့ကြောင့် မိန်းမဖျက်လို့ ပြည်ပျက်ရတယ်ဆိုတဲ့စကားအတိုင်း မိသစ်တို့တိုင်းပြည်ဟာ တိုင်းတစ်ပါးနယ်ချဲ့ရဲ့ ဖဝါးအောက် ကျရောက်သွားရတာတဲ့။

ဒီတော့ မိသစ်က မှင်မောင်းကောင်းကောင်းနဲ့ ဟန်နဲ့မာန်နဲ့ တကွသ ုပ်ပြလို က်တယ်။ မျိုးချစ်စိတ်ထက်သန်တဲ့ စုဖုရားလတ်က မထုံတတ်တေးသီပေါမင်းကို ပြောတဲ့ဟန်။ ဒီလိုလေ။

''မောင်မောင်ဘုရား ဘာငိုင်နေတာလဲ။ မျက်နှာဖြူရန်သူတွေ စစ်သင်္ဘောကြီးတွေနဲ့ နေပြည်တော်ကို ဟောဒီရတနာပုံနေပြည်တော်ကို ဆက်လက်ချီတက်လာကြပြီလေ။ နှမတော်တို့ ဒီအတိုင်းအညံ့ခံရတော့မလား။ လက်မြေ ာက်အ့ူးပေးရတော့မလား။ အ့ူးမပေးနိုင်ဘူးမောင်မောင်၊ အသက်နဲ့လဲပြီး ခုခံကာကွယ်မယ်၊ တိုက်မယ်မောင်မောင်၊ ဘာတွေများ တွေးကြောက်နေလဲ၊ ယောက်ျားမဟုတ်ဘူးလား။ မောင်မောင်သတိ ိမရှိဘူး။ သတိ ိမရှိဘူး။ ရှင်တို့တစ်တွေလည်း သတိ ိမရှိဘူး အလကားပဲ။ ဒီလောက်ကြောက်နေရင် ထဘီဝတ်ထားကြ။ ရော့ဒီမှာ ကျောက်ပျဉ်သနပ်ခါးသွေး

လိမ်းကြ၊ စုဖုရားလတ်တို့ကတော့ ကိုယ့်ပြည်ထိရင် မချိအောင်နာတယ်။ တိုက်မှာပဲ။ ထလေမောင်မောင်ဘုရား အချိန်မရှိတော့ဘူး။ ရန်သူတွေနီးလာပြီ။ ဩော် တကယ် တမ်းကျတော့ မောင်မောင် သတိမရှိပါလား။ မောင်မောင်သတိမရှိပါလား'' ရယ်လို့ ထိုးဇာတ်ခင်းပြီး အတင်းချေဖျက်ရတော့တယ် ဘယ်ရမလဲ။

ပရိသတ်ကို ငြိမ်ကျသွားတယ်။ မီးကိုရေနဲ့ ပက်ငြိမ်းလိုက်သလိုပဲ။

ပြီးပြီ့ ပွဲသိမ်းပြီပေါ့။ မိသစ်ရဲ့ ပြောဟန်ဆိုဟန်နဲ့ အမူအရာမှာ နစ်မျောသွား ကြတယ်။ ပြီးတော့မှ လက်ခုပ်သံတွေ ဝေါခနဲထိုးကျလာတယ်။ တော်တော်နဲ့ကို မစဲ တော့ဘူး။ ပွဲသာဆို အတော်ပတ်တုတ်ယူရမယ်။

ပြောတယ်မဟုတ်လား။ မသစ်တို့က မိန်းမသား။ ဂဏ်များတယ်။ လျှာပါး တယ်လို့။ တစ်ခုရှိတာက မိသစ်တို့ ဘာလုပ်လုပ်၊ ဘာပဲပြောပြော မနောခွေ့သဘော တွေ့နေတတ်ကြတာလည်း အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားတွေပဲ မဟုတ်လား။

အားပေးလိုက်ကြတာ။ တီးလိုက်ကြတဲ့လက်ခုပ်။ အဲဒီလက်ခုပ်သံတွေနဲ့ပဲ အဲဒီ နေ့က ပြိုင်ပွဲမှာ မိသစ်တို့နိုင်တယ်လေ။

ပိုင်တယ်နော်။

**မင်းချမ်းမွန်**

# ဒဏ်ရာရတန်ဖိုး

လူငယ်ဆိုသည်မှာ အနာဂတ်၏ကြယ်ပွင့်ဟု ကျွန်တော်ယုံကြည်သည်။ ပြီးတော့ လူငယ်တိုင်းမှာ အိပ်မက်ဆိုတာရှိသင့်သည့်အရာတစ်ခုဟုလည်း ကျွန်တော်ထင်သည်။ ကျွန်တော့်မှာ အိပ်မက်အကြီးကြီးရှိသည်။ အိပ်မက်ကို အကောင်အထည်မဖော်နိုင်သေးသရွေ့ ကျွန်တော်ထားရှိသည့်အိပ်မက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ပြောဖို့စိတ်ကူးမရှိပေ။ ယခုရောက်ရှိနေသည့် ပတ်ဝန်းကျင်၌ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေထိုင်ဖို့သာ ကျွန်တော်အာရုံထားပါသည်။

ဖေဖေ၊ မေမေ၊ ကျွန်တော်နှင့်ညီလေးတို့မိသားစုသည် ရန်ကုန်မြို့လယ်အဆင့်မြင့်တိုက်ခန်း၏ ငါးလွှာမြောက် အခန်း၌နေထိုင်သည်။ နေလာခဲ့သည်မှာလည်း ကျွန်တော့်တစ်သက်ရှိပြီဟု ဖေဖေက ပြောပြဖူးသည်။ ဖေဖေကပုဂ္ဂလိကဘဏ်တစ်ခုမှာမန်နေဂျာဖြစ်သလို မေမေကလည်း ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်၏။ ကျွန်တော်က ယခုနှစ်ကိုးတန်းတက်ရမည့်သူ။ ညီလေးက စတုတ္ထတန်းကျောင်းသားတစ်ယောက်။

ကျွန်တော်တို့အိမ်သား အားလုံးသည် တာဝန်ကိုယ်စီဖြင့် ကိုယ်အသိနှင့်ကိုယ်နေထိုင်ကြသူများဖြစ်သည်။ ဖေဖေက မြို့ထဲမှာနေသော်လည်း ဖေဖေ့ဘဏ်က တစ်နေရာဆိုတော့ ဖယ်ရီအကြိုအပို့ကားစီးရသည်။ အချိန်မီချက်ပြုတ်ဖို့က မေမေ့တာဝန်ဆိုပေမယ့် ညီလေးမှလွဲပြီး ဖေဖေနှင့်ကျွန်တော်တို့ မေမေမီးဖိုချောင်ကိစ ဝိုင်းဝန်းကူညီမှ အချိန်မီကြရတာမဟုတ်လား။ မေမေ့ကုမ္ပဏီကလည်း မြို့ထဲနှင့်အလှမ်းကွာဝေးသောနေရာတစ်ခုမှာ ရှိသော်လည်းုံးမှ ဖယ်ရီကားမရှိသဖြင့် လိုင်းကားနှင့်ပဲ သွားရသည်။ လိုင်းကားဆိုတော့ အချိန်ပိုယူရသည်လေ။ ကျွန်တော်နှင့်ညီလေးကား အိမ်နှင့်မဝေးလှသော မြို့ထဲကျောင်းမှာဆိုတော့ လမ်းလျှောက်သွား ရသည်။

''တော်သေးတယ် မေမေရာ။ သားတို့ကျောင်းက နီးနေတော့သိပ်ပြီး အချိန်ယူစရာမလိုဘူးပေါ့နော်မေမေ''

''အေးဟုတ်တယ်သား၊ ကျောင်းသွားရင် တံခါးတွေ သေချာပိတ်။ မီးကိုမိန်းချခဲ့။ ရေဘားတွေလည်းစစ်ခဲ့။ ညီလေးက ရေဖွင့်ပြီးနမော်နမဲ့နဲ့ ပြန်မပိတ်တတ်ဘူးလေ''

''ဟုတ်ကဲ့ပါ မေမေ''

မေမေက မိန်းမသားပီပီ စိတ်ပူတတ် ကျွန်တော့်ကို တတွတ်တွတ်မှာကြားတတ်သည်မှာ နေ့စဉ်ပါပဲ။ အမှန်တော့ မိသားစုအားလုံးတာဝန်ကိုယ်စီယူပြီး ညီညီညွတ်ညွတ် နေထိုင်ကြလျှင် သာသာယာယာနှင့်စိုပြည်သော မိသားစုဘဝကို ပိုင်ဆိုင်

ကြရမှာမလွဲပါပေ။

ဒါပေမဲ့ ခက်နေတာက ညီလေးရဲ့သုတပါပဲ။

ညီလေးက တော်တော်စည်းကမ်းမဲ့သည်။ လမ်းသွားရင်း မုန့်တစ်ခုခုဒါမှမဟုတ် အချိုရည်ဘူးသောက်ပြီး သွားတတ်သည်။ နောက်ပြီးသူစားသည့် မုန့်ထုပ်အိတ်ခွံတို့ အချိုရည်ဘူးခွံတို့ကို ကြုံရာ၌ လွှင့်ပစ်တတ်သည်။

''ညီ အဲဒီလိုမလွှင့်ပစ်ရဘူးလေ''

ကျွန်တော်ကပြောတော့

''ဒါဆို ဘယ်မှာပစ်ရမှာလဲ''

''အမှိုက်ပုံးရှိတဲ့ဆီ ရှာပစ်ရမှာပေါ့။ အမှိုက်ပုံးရှာမတွေ့ရင် ကိုယ့်အိမ်ရောက်တဲ့ အထိယူလာပြီး အိမ်ကျမှအမှိုက်ပုံးထဲပစ်ပေါ့။ ဒီမှာ ညီ စည်းကမ်းဆိုတာ လူရဲ့တန်ဖိုး။ တန်ဖိုးဆိုတာကော ညီသိလား''

ကျွန်တော်မေးတော့ ညီလေးက ခေါင်းခါယမ်း ံမက လက်ကလေးပါ ခါပြ လိုက်သေးသည်။ ညီလေးကို စိတ်ရှည်လက်ရှည်ထားပြီး စည်း ံးမှ ဖြစ်မယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါသည်။

''သေချာနားထောင် ညီ။ တန်ဖိုးဆိုတာ လူတစ်ယောက်ချင်းဆီမှာရှိတဲ့ ကိုယ် ပိုင်အရည်အချင်းကိုပြောတာ ညီရဲ့။ ငွေကြေးကိုပြောတာမဟုတ်ဘူးနော်။ ကိုယ် လုပ် လိုက်တဲ့အလုပ်ဟာ လူအများအတွက် အကျိုးရှိစေရမယ်။ ဘယ်သူ့ကိုမှ စိတ်အနှောင့် အယှက်မဖြစ်စေတာ အကောင်းဆုံးပဲကွ။ ပတ်ဝန်းကျင်ကိုညစ်ပေအောင် မလုပ်ခြင်း ကလည်း ကိုယ့်တန်ဖိုးပဲလေ''

ကိုးတန်းကျောင်းသား ကျွန်တော်ကတော့ သိသမျှ မှတ်သားမိသမျှကို ပြော ပြလိုက်ရာ ညီလေးက မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်နေသည်။ ညီလေးကို တစ်ခါတည်းနှင့်တော့ ချွတ် ရမည်မထင်။ တဖြည်းဖြည်းနှင့် စိတ်ရှည်လက်ရှည်တော့ ထားရပေဦးမည်။

တစ်ခါတုန်းကလည်း ညီလေးတစ်ယောက် ကျွန်တော်တို့နေသည့် ငါးလွှာ အခန်းမှ အောက်ဆုံးအထပ်ထိ တဒုန်းဒုန်းဖြင့်ပြေးဆင်းသွားသည်။ ညီလေး ပြေးဆင်း သွားသည့် ခြေသံပြင်းကြီး၏ ပဲ့တင်သံသည် ပိတ်ထားကြသော အခန်းတိုင်း၏တံခါးဆီ သို့ လူများခေါင်းပြူထွက်ကြည့်သည်အထိ နားမခံသာဖြစ်ခဲ့ရသည်။ မေမေကတော့–

''ဟဲ့ ဒီကလေးကတော့လေ''ဟုသာ အားနာဟန်ဖြင့် အသံပြုလိုက်ပေမယ့် မည်သူမျှမကြည်လင်။ ညီလေးက ကြားပုံပင်မပေါ်။ ခက်တော့နေပါပြီ။ ကျွန်တော် မနေသာတော့။ ညီလေးနောက်က ဆင်းချလာပြီး လမ်းပေါ်ရောက်နေသည့် ညီလေး ကို လှမ်းခေါ်လိုက်ရသည်။

''ညီလေး ညီလေး ခဏနေဦးကွာ''

ခေါ်သံကြားတော့ ညီလေးက ကျွန်တော့်ကိုရပ်စောင့်သည်။ အနားရောက်တော့မှ ကျွန်တော်က–

''ညီလေးရာအောက်ဆင်းတာ ဖြည်းဖြည်းဆင်းလည်း ရတာပဲ။ ဘာဖြစ်လို့ တဒုန်းဒုန်းနဲ့ ပြေးဆင်းရတာလဲ''

''ဟာ ကိုကိုလည်း ဘာဖြစ်တာလဲ။ သားက အမြန်ဆင်းတာလေ''

''ဘာဖြစ်ရမှာလဲ။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေတာပေါ့''

ညီလေးက ဘာမှနားမလည်။ သူကပဲမေးခွန်းပြန်ထုတ်နေသေးသည်။

''အနှောင့်အယှက်ဖြစ်တယ်ဟုတ်လား ဘယ်လိုအနှောင့်အယှက်လဲကိုကိုရ''

''ညီလေးကလည်းကွာ ညီလေးခြေသံပြင်းတော့ အခန်းထဲမှာအိပ်နေသူ ရှိချင်ရှိနေမှာပေါ့။ လှေကားရဲ့တုန်ခါမှုက အခန်းထဲအထိ ရောက်တော့ အိပ်နေတဲ့သူတွေအဖို့ အနှောင့်အယှက်ဖြစ်တယ်လေ။ တံခါးဖွင့်ပြီး ဘယ်သူလဲလို့ ချောင်းကြည့်ကြတယ်လေ။ ညီမေးမှန်းသိသွားတော့ ဖေဖေမေမေတို့ကို မဆုံးမကြဘူးလားဆိုပြီး အပြစ်တင်ကြတော့ ဖေဖေမေမေတို့လည်း သိက္ခာကျပြီး အရှက်ရတာပေါ့''

''ဒါဆို ဟိုသားတို့အပေါ်ဆုံးထပ်က အစ်ကိုကရော၊ သူဆင်းရင်ဘယ်တော့မှ ဂိုးမဆင်းဘူး။ ခုန်ခုန်ပြီးပြေးဆင်းတာပဲ။ လှေကားတက်တော့လည်း တစ်ထစ်ကျော်၊ နှစ်ထစ်ကျော်ပြီးမှတက်တာ။ အဲဒါကတော့ကော''

ညီလေးကတော်ံ နှင့်ချွတ်မရဘူးဟု ပြောသည်မှာ ကျွန်တော်လွန်ပါသလား။ သူ့မှာဆင်ခြေဆင်လက်ကများပါဘိ။ သူများလုပ်နေတာကို အကောင်းမှတ်ကာ အတုမြင် အတတ်သင်ဆိုသလို ဖြစ်နေ၏။ ကျွန်တော်ကတော့ ပြောစရာရှိတာပြောပြီး ဆုံးမရမှာပါပဲ။

''ဩော် ညီလေးရာ သူလုပ်တာသူ့အကြောင်း၊ သူ့တန်ဖိုးပေါ့။ တန်ဖိုးဆိုတာ အဲဒါကိုပြောတာ။ မဟုတ်တာမလုပ်မိစေဖို့၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပေးမိစေဖို့ပေါ့။ သူ့တန်ဖိုးက အဲဒီလိုနိမ့်ကျနေခဲ့ရင် ညီလေးလည်းသူ့လိုပဲ တန်ဖိုးနိမ့်ကျချင်သလား၊ သူများနှာခေါင်းရှုံ့တာ ခံချင်တာလားပြောလေ''

ညီလေးက တစ်ချက်တွေသွားပြီးမှ–

''ဘယ်ခံချင်ပါ့မလဲ ကိုကိုရာ။ သူ့ကိုသားတို့တိုက်က ဘယ်သူမှကြည့်မရဘူးနော်။ သားလည်းနောက်ဆို ပြေးမဆင်းတော့ပါဘူးနော်''

ညီလေးအတွက် အောင်မြင်သော စကားတစ်ခွန်းဖြင့် တန်ဖိုးမြှင့်တင်ပေးနိုင်ခဲ့ ကျွန်တော်ကျေနပ်သွားခဲ့ရသည်။ သို့သော်လည်း ဤမျှဖြင့် မလုံလောက်သေးကြောင်း ညီလေးအပြုအမူများက သက်သေပြခဲ့၏။

တနင်္ဂနွေနေ့ ုံးပိတ်ရက်တစ်ရက်မှာပါပဲ။ ဖေဖေနှင့်မေမေ နှစ်ယောက်စလုံး မိတ်ဆွေတစ်ယောက်၏သား မင်္ဂလာဆောင်ညစာခံပွဲသို့ သွားနေချိန်၌ဖြစ်သည်။ ကျွန်တော်က အမှိုက်သိမ်းဂေါ်ပြားတစ်ခု၊ တံမြက်စည်းတစ်ချောင်း၊ အမှိုက်ထည့်ရန်အိတ်တစ်လုံး၊ ထိုအိတ်ကလည်း စည်ပင်သာယာအမှိုက်သိမ်းလှည်းမှ ခြောက်လုံးတစ်ရာဖြင့် ဝယ်ထား ရသည်။

''ညီလေးရေ ဟောဒီမှာ ကိုကို့ကိုကူညီပါဦး''

ကျွန်တော်တစ်ယောက်တည်းလှည်း ရသော်လည်း ညီလေးကို ပါဝင်စေချင် သောစိတ်တစ်ခုကြောင့် ခေါ်လိုက်ခြင်းပါ။ ထုံးစံအတိုင်း ညီလေးကမျက်နှာမကောင်း။ ဖိနပ်စီးပြီး မလှမ်းချင်လှမ်းချင် ခြေလှမ်းဖြင့် ကျွန်တော့်အနား ရောက်လာသည်။

''ရှေ့ညီက အမှိုက်အိတ်ကိုင်၊ ကိုကိုက တံမြက်စည်းလှည်းပြီး ဂေါ်ပြားနဲ့ ကျုံးမယ်။ အမှိုက်နဲ့သဲတွေကို ညီလေးကိုင်ထားတဲ့ အမှိုက်အိတ်ထဲထည့်မယ်။ ဟုတ် ပြီလား''

ညီလေး နှုတ်ခမ်းစူပြီး ပါးစပ်ကလည်း

''ကိုကိုက အလုပ်မရှိ ကြောင်ရေချိုးအပိုတွေ လုပ်နေတယ်''

ကျွန်တော်ကချက်ချင်း–

''ညီလေးနော် ဒီစကားမျိုးပြောတာ နောက်ဆုံးဖြစ်ပစေ ကြားလား။ ကိုကို အခုလိုလုပ်တာ အပိုအလုပ်မဟုတ်သလို ရှက်စရာလည်းမလိုဘူး။ ဒါ ပရဟိတစိတ် ဓာတ်နဲ့လုပ်တာ။ အမှိုက်သိမ်းတာ ရှက်စရာမဟုတ်။ အမှိုက်ဖွတာ ရှက်စရာဆိုပြီး တီဗီက သီချင်းလွှင့်တာညီမကြားဘူးလား။ ဒီတိုက်ပေါ်ကလူတွေ အားလုံးသန့်သန့် ရှင်းရှင်းတက်ရ၊ ဆင်းရတာ ဘယ်လောက်စိတ်ချမ်းသာမလဲလို့ တွေးကြည့်စမ်း။ ညီလေး တို့ ကိုကိုတို့ဒီအလုပ်လေးလုပ်ရတာ ဘာမှမပင်ပန်းပေမယ့် သူများတွေ သွားရလာရ တာစိတ်ချမ်းသာတာကိုကြည့်ပြီး ဘယ်လောက်ကြည်နူးဝမ်းသာစရာကောင်းသလဲ။ သူများလုပ်တာ မလုပ်တာ စိတ်ထဲခံစားမနေနဲ့၊ ဒါလည်း တန်ဖိုးတစ်ခုပေါ့။ နောက် ပြီး အများစိတ်ချမ်းသာအောင် အများကောင်းကျိုးအတွက်လုပ်တာဖြစ်လို့ ပရဟိတ အလုပ်လို့ခေါ်တယ်။ ညီလေး ကုသိုလ်လည်းရတယ်။ ဂုဏ်ယူစရာလည်းကောင်းတယ်''

''ကိုကိုပဲပြောနေ။ လှည်းနေတာ။ လှေကားကိုလည်းကြည့်ဦး။ လှေခါးကို လည်းကြည့်ဦး။ ကွမ်းတံတွေး၊ စီးကရက်တို၊ ဆေးပေါ့လိပ်တို၊ အအေးဘူးခွံ၊ မုန့်စက ူ အိတ်တွေနဲ့ ရွံ့စရာကြီး''

ညီးလေးက အမှိုက်အိတ်ကိုကိုင်ပြီး မကျေမနပ်ပြောနေလေရဲ့။ ကျွန်တော် ကလည်း လှေကားတစ်ထစ်ချင်း လှည်းလိုက်၊ ဂေါ်ပြားနှင့်ကျုံးပြီး အမှိုက်အိတ်ထဲ ထည့်လိုက် လုပ်နေရင်းဖြင့် ညီလေးကိုလည်း ပရဟိတစိတ်ဓာတ်စီးဝင်သွားအောင်

ပြောနေမိသည်။

''အဲဒါပြောတာပေါ့ညီလေးရာ။ ကိုကိုတို့ လူငယ်တွေလှည်းနေတာ၊ သိမ်းနေတာ မြင်ပါများရင် သူတို့အားလုံးနားလည်သဘောပေါက်လာကြမှာပေါ့။ ကြာလာတဲ့အခါ သူတို့ပါ ပူးပေါင်းပါဝင်ချင်လာမှာပေါ့။ ကိုယ်လုပ်တာ ကိုယ့်တန်ဖိုးကိုယ့်ရဲ့ အသိစိတ်ဓာတ်။ မမွန်မြတ်ဘူးလား''

''လှည်းပါလိမ့်မယ် အားကြီး။ စောင့်နေ ဆယ်နှစ်''

ညီလေးက ကျွန်တော်မကြားအောင် ခပ်တိုးတိုးပြောပေမယ့် ကျွန်တော်ကြားလိုက်ပါသည်။ ကျွန်တော်ပြုံးလည်း ပြုံးမိပါသည်။

''ညီလေး ဟောဒီမှာကြည့်စမ်း၊ ဒီဆိုင်းဘုတ် သေးသေးနှစ်ခုကို လှေကားအကွေ့တွေမှာ ကပ်ထားမယ်။ လူတိုင်းစာဖတ်ရင် နားလည်မှာပေါ့''

ကျွန်တော်က အသင့်ယူလာသော ကတ်ပြားကို ညီလေးအားပြလိုက်ရာ ညီလေးက စိတ်ဝင်တစားအသံထွက်ဖတ်နေသည်။

**''မကူညီချင်နေပါ။ မနှောင့်ယှက်ပါနှင့်''**

**''မိမိတို့ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းကို ထိန်းသိမ်းခြင်းဖြင့် သန့်ရှင်းရေးကို ကူညီပါ''**

''ဟာ ကိုကိုရ မိတယ်ကွာ။ ကိုကို့ကို ဒီတစ်ခါအပြည့်ထောက်ခံလိုက်ပြီ''

ညီလေးစကားကြောင့် မောပန်းနေသော ကျွန်တော့်စိတ်များကြည်လင်လန်းဆန်းခဲ့ရပါပြီ။ ထိုအခါ ညီလေးကို 'အဖြူရောင်ပရဟိတ' စိတ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်နိုင်သည့်အတွက် ကျွန်တော် အကျေနပ်ကြီးကျေနပ်ကာ ကြည်နူးခြင်းများဖြစ်ရပါသည်။

ပီတိပြည့်လျှံနေသော မျက်ဝန်းဖြင့်ညီလေးကို ပြုံးကြည့်နေမိတော့သည်။

**(လူငယ်တိုင်း ပြည်သူ့နီတိစိတ် ကိန်းအောင်းရေးသို့)**

**မေဖွန်အေး**

## ဘဝပေးအသိ

ထွန်းသိန်းသည် မျက်နှာကိုအလျင်အမြန်သစ်လိုက်ပြီး စာအုပ်ကိုဆွဲယူကာ နောက်ဖေးချောင်သို့လာခဲ့သည်။ အမေ့ထံမီးခွက်တောင်းမည်အပြု–

''သားရယ် စာကိုကြိုးစားစမ်းပါ။ အဖေတို့ စာသင်ပေးနိုင်တုန်းမှာ ကြိုးကြိုးစားစားသင်စေချင်တယ်''

ဟုထွန်းသိန်းအဖေက ထွန်းသိန်းကိုပြောလေသည်။ ထွန်းသိန်းတစ်ယောက် စာမကျက် မရ။ ဆရာမစာမေးတိုင်း မဖြေနိုင်သဖြင့် မကြာခဏ ဒဏ်ပေးခံရသည်။ အိုက်ခံရသည်။ ထိုအခါ ထွန်းသိန်းရှက်လာသည်။ အတန်းထဲတွင် သူအကြီးဆုံး။ စာအညံ့ဆုံး။ ထို့ကြောင့် ကျောင်းပြေးတတ်လာသည်။ ခဏခဏကျောင်းပြေးနေသော အခါ အတန်းပိုင်ဆရာက အိမ်သို့တိုင်စာပို့လေသည်။

အမေကဆူ၏။ ဆဲ၏၊ ရိုက်၏။ အဖေကချော့မော့ပြောဆိုသည်။ အကျိုးအကြောင်းရှင်းပြသည်။

''အဖေတို့ဟာ ဆင်းရဲတယ်။ အဲဒီတော့ ဆင်းရဲဒုက္ခကိုကျုံးခံရတယ်။ မင်းလည်းအမြင်ပဲမဟုတ်လား။ ဘာကြောင့်လဲသိသလား။ အဲဒီလို ဆင်းရဲဒုက္ခဖြစ်တာဟာ ငယ်ငယ်တုန်းက စာကောင်းကောင်းသင်နိုင်ပါရက်နဲ့ မသင်ခဲ့လို့။ နောက်ပြီး အဖေကလည်း စာမကြိုးစားခဲ့လို့ကွ။ ဒါကြောင့် အခုသုံးကျပ်ဆယ့်ငါးပြားနဲ့ ရရာအလုပ်ကို ပင်ပင်ပန်းပန်း လုပ်နေရတာ။ ဒီတော့မင်းလည်း နောင်ကို လောကအလယ်မှာ မျက်နှာမငယ်ရဘဲ တင့်တင့်တယ်တယ်ချမ်းချမ်းသာသာ နေရအောင် စာကြိုးစားစမ်းပါကွာ''

ထွန်းသိန်းသည်အဖေ့စကားများကို နားထောင်ရင်း အဖေ့မျက်နှာကို စိုက်ကြည့်နေမိသည်။ အဖေ့မျက်လုံးများက အဝေးသို့ငေးနေသည်။ အဖေ့မျက်လုံးများ၌ မျက်ရည်များ ရီဝေနေသည်ကိုတွေ့ရသည်။ အဖေ့အသံသည် တုန်ရီနေသည်။

ထွန်းသိန်းသည် အဖေ့ကိုကြည့်ကာ ငိုချင်စိတ်ဖြစ်လာမိသည်။ အဖေသည် အသက်ငယ်ငယ်ပင် ရှိပါသေးသည်။ သို့သော် အဖေ့မျက်နှာကား အဘိုးအိုကြီးနှင့် တူနေလေပြီ။ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်ရခြင်းကြောင့်ဖြစ်သည်။ အဖေ့အကြောင်း အမေကလည်း မကြာခဏပြောခဲ့ဖူးသည်။

''အဖေပြောတာ ကြားလား''

''ဟုတ်ကဲ့ အဖေ''ထွန်းသိန်းက ခေါင်းညိတ်ရင်းနှုတ်ကပါ ဖြေသည်။

ထွန်းသိန်းသည် ငိုင်ရင်းစဉ်းစားနေသည်။ သူ့အသက်မှာ ၁၅နှစ်ရှိပြီဖြစ်သည်။ ယခုမှ (၆)တန်းရောက်သေးသည်။ သူကြိုးစားလျှင် (၈)တန်း (၉)တန်းထိရောက်ပြီဖြစ်

သည်။ သူတို့ခြေရင်းအိမ်မှာနေသော ဖေဝင်းမှာ သူနှင့်ရွယ်တူဖြစ်သည်။ ငယ်ငယ်ကတည်းက တစ်တန်းတည်းနေလာခဲ့ကြသည်။ ယခုဖေဝင်း ကိုးတန်းရောက်နေပြီ။ မနှစ်က (၈)တန်း (အခြေခံပညာရေးအလယ်တန်း)အောင်ခဲ့သည်။ သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်သည်။ စင်စစ်ဖေဝင်းမှာ သူ့လို လွတ်လွတ်လပ်လပ် ကျောင်းနေနိုင်သူ တစ်ယောက်မဟုတ်ပေ။ တစ်ခါတစ်ရံ သူ့အဖေ၏သတင်းစာပို့သည့် အလုပ်ကိုကူညီ လုပ်ပေးရသေးသည်။ ဖေဝင်းသည် ိုးသားပြီးကြိုးစားသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်စာမေးပွဲ အောင်ခဲ့ရခြင်းဖြစ်သည်။

ထွန်းသိန်းသည် သေသေချာချာ စဉ်းစားနေ၏။ အမေပြောပြဖူးသည့် အဖေ့အကြောင်းများကိုလည်း ကြားယောင်လာ၏။ အဖေငယ်ငယ်က ဆိုးခဲ့၊ တေခဲ့၊ ပေခဲ့ပုံများလည်းပါသည်။ နောက်ဆုံးတွင် စာမကြိုးစား ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ရသည်ဟုလည်းပြောပြ၏။

''ကိုလှဖေ။ ရော့ ထမင်းချိုင့်''

ထွန်းသိန်းအမေက အဖေ့ထံသို့ ထမင်းချိုင့်လှမ်းပေးလိုက်သည်။ ထွန်းသိန်းသည် အတွေးကိုဖြတ်ကာ အဖေနှင့်အမေကို လှည့်ကြည့်လိုက်သည်။

''ကိုလှဖေ ဆန်ကုန်နေပြီ။ ညနေစာတောင် မရှိဘူး''အမေက အဖေ့ကိုလှမ်းပြောပြန်သည်။ အမေ့စကားကြောင့် အဖေသည်ငိုင်သွား၏။ အဖေငိုင်သွားသည်ကို မြင်လိုက်သော ထွန်းသိန်းသည်စိတ်ပျက်သွားတော့သည်။

''ညနေ ငါရှာလာခဲ့ပါမယ်'' အဖေက ပြန်ပြောပြီး ထွက်သွားလေသည်။ ထွန်းသိန်းသည် အဖေ့ကျောပြင်ကို ငေးကြည့်ရင်းကျန်ရစ်ခဲ့လေသည်။

နံနက်အ႑ဏ်သည် လင်းလာချေပြီ။

ထွန်းသိန်းသည် စာကျက်ရန် သတိမေ့သွားပြီး ငိုင်တွေစဉ်းစားနေသည်။

\+ + + + +

ညနေစောင်း မိုးချုပ်ခဲ့လေပြီ။

ထွန်းသိန်းမျှော်နေ၏။ ထွန်းသိန်း၏အမေလည်း မျှော်နေ၏။

''အဖေကလည်းကြာလိုက်တာ''ဟု ထွန်းသိန်းကညည်းလိုက်သည်။ အမေက ဘာမျှမပြော။ အပြင်သို့ မကြာမကြာ မျှော်ကြည့်နေသည်။ အဖေ့အတွက် စိတ်ပူနေဟန်ရှိသည်။ ခါတိုင်းမိုးမချုပ်မီ အဖေပြန်လာလေ့ရှိသည်။

ဖန်မီးအိမ်မှ မီးရောင်သည် ဖျော့ဖျော့လေးလင်းနေသည်။

''ဝုတ်.. ဝုတ်.. ဝုတ်''

ခွေးဟောင်သံကိုကြားရ၏။ ထွန်းသိန်းက သေချာစွာကြည့်လိုက်သည်။ အဖေ တော့မဟုတ်။ လူသုံးယောက် ဝင်လာသည်ကိုတွေ့ရလေသည်။

''နင့်အဖေလား'' အမေကလှမ်းမေးသည်။ ထွန်းသိန်း ပြန်မဖြေ။ အပြင်ကိုသာ ကြည့်နေလျက်။

မကြာမီ လူနှစ်ယောက်အိမ်ပေါ် တက်လာကြသည်။ ထိုလူကြီးများ၏ မျက်နှာကိုမြင်မှ သူ့အဖေ၏မိတ်ဆွေ အလုပ်သမားနှစ်ယောက်မှန်း သိလိုက်သည်။

''ဘာကိစ္စ များ ရှိလို့လဲရှင်'' အမေကလှမ်းမေးသည်။ အလုပ်သမားကြီးနှစ်ယောက်၏ မျက်နှာမှာမကောင်းကြ။

''ကိုလှဖေကိစ္စ ပါ'' တစ်ယောက်ကပြောသည်။

''ပြော် ပြောပါရှင်''

''ကိုလှဖေ အဖမ်းခံနေရတယ်။ အဲဒါလာပြောတာ''

''ရှင်''

အမေသည် အံ့သြစွာဖြင့် ပြောသည်။ ထွန်းသိန်းလည်းအံ့သြသွားသည်။ အမေ့ထံမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ ထွန်းသိန်းဝမ်းနည်းလာတော့သည်။ မျက်ရည်များ လိမ့်ဆင်းကျလာလေသည်။

''ဘာဖြစ်လို့လဲဟင်''

''စက်ရုံက ပစ္စည်းခိုးလို့ခင်ဗျ။ နေ့လယ်က ကျွန်တော့်ဆီငွေလာချေးတယ်။ ကျွန်တော်လည်း မတတ်နိုင်တာနဲ့ မချေးလိုက်ဘူး။ အဲဒီ ရုံးဆင်းချိန်လောက်မှာ ပစ္စည်းခိုးထုတ်တာ မိသွားတာပဲ''ဟု အလုပ်သမားတစ်ယောက်က အမေ့ကိုပြောပြလေသည်။ အမေက ရှိုက်ရှိုက် ငိုနေသည်။ သူတို့ကအမေ့ကို နှစ်သိမ့်ကြသည်။

အတန်ကြာလျှင် အလုပ်သမားနှစ်ယောက်သည် နှုတ်ဆက် ပြန်သွားကြသည်။ အမေကငိုရင်း ခေါင်းညိတ်ဖြေသည်။

''အဲဒါသာ ကြည့်တော့သားရယ်။ ပညာမတတ်၊ ထမင်းငတ်ဆိုသလို ပညာအခြေခံမရှိတော့ လူတကာထက်အောက်ကျတယ်။ နိမ့်ကျတယ်။ စီးပွားရေး မပြေမလည်ဖြစ်ရတယ်။ ဒီတော့ မကြံသင့်တာကြံလို့ အခုတော့ ဒုက္ခတွေ့ရပြီပေါ့ကွယ်''

ပြောရင်းအမေကငိုပြန်သည်။ ထွန်းသိန်းလည်း ဝမ်းနည်းလာ ငိုလိုက်မိသည်။ ငိုရင်းမှစဉ်းစားနေသည်။

'ပညာမတတ် ထမင်းငတ်'ဟူသောအမေ့စကားကို ကြားယောင်နေသည်။ ထို့ကြောင့် စိတ်မှဆုံးဖြတ်ချက်ချသည်။ ပညာတတ်အောင်စာကြိုးစားသင်မည်။ ပညာတတ်လျှင် သူ့အဖေလိုဒုက္ခမျိုးနှင့် ကြုံတွေ့ရမည်မဟုတ်ဟု ယုံကြည်မိသည်။

ထွန်းသိန်းသည် မျက်ရည်ကြားမှ အမေ့ကိုလှမ်းကြည့်သည်။ အမေ့ကို ပီပီသသမမြင်ရ။ ဝိုးတဝါးမြင်ရ၏။ အမေ့ရှိုက်သံများကမူ တစ်အိမ်လုံးကို လွှမ်းမိုးနေဆဲပင်။

# ဦးတည်ချက်

မြို့တစ်မြို့တွင်ဖြစ်သည်။ ထိုမြို့တွင် အလွန်ချစ်ခင်ကြသော သူငယ်ချင်းသုံးယောက်ရှိသည်။ သူတို့သည်လူငယ်များဖြစ်ကြပြီး ကျောင်းနေစဉ်ကလေးဘဝကတည်းက မူလတန်းမှ အလယ်တန်းအထိ အတူတွဲကာ ပညာသင်ကျောင်းတက်ခဲ့ကြသည်။ ယင်းတို့၏အမည်များမှာ တင်ထွန်းအောင်၊ ခင်မောင်ဆွေနှင့် မောင်လတ်တို့ဖြစ်ကြသည်။

ခင်မောင်ဆွေ၏ဖခင်သည် ဘီအိုစီရေနံကုမ္ပဏီမှအရာရှိတစ်ဦးဖြစ်ပြီး သူ့ကိုအလိုလိုက်ထားကြသည်။ လိုလေသေးမရှိငွေကြေးများ ပေးကြသည်။ ခင်မောင်ဆွေသည် မိမိတို့ရပ်ကွက်အတွင်းမှ ခပ်ပေပေလူငယ်အချို့နှင့် ပေါင်းကာအရက်ကိုပင်သောက်တတ်စပြုလာသည်။

မြို့ထဲရှိ အရက်ဆိုင်အချို့နှင့် မြို့ပြင်ရှိ ထန်းတောများသို့ပင် သွားရောက်ကာထန်းရည်နှင့် တောအရက်များကို စမ်းသပ်သောက်ခဲ့သည်။

ပထမတွင် ထန်းရည်သောက်ပြီးနောက် ပူပူပြင်းပြင်းအရက်ကို သောက်ခဲ့ရာမနည်းမျိုချရသည်။

သူငယ်ချင်းများက ရေနှင့်ရောသောက်ရန် ပြောသဖြင့် ရေနှင့်ရောပြီး ဖန်ခွက်တစ်ခွက်ကုန်အောင် တိုက်ရသည်။ သို့သော် ခင်မောင်ဆွေအရက်တစ်ခွက်ကို ကုန်အောင်မသောက်နိုင်ခဲ့ပေ။ မျက်နှာများရှုံ့မဲ့ကာ အရက်များကိုပါးစပ်ထဲမှ ထွေးထုတ်လိုက်ရသည်။

''အားပါး ပူလိုက်တာလွန်ရော''ဟု သူ့ပါးစပ်မှ ရှုံ့မဲ့ကာပြောလိုက်သည်။

ထိုအခါ အရက်ကိုဇိမ်ခံသောက်နေသော သူငယ်ချင်းများက–

''ဟား ဟား ဟား ခုတော့ ဒီလိုပါပဲကွာ။ မင်းနောက်တော့ ကျင့်သားရသွားမှာပါ'' ဟု သူ့ကိုတိုက်တွန်းခဲ့သည်။ သို့နှင့်ရက်များ လများကြာသောအခါ ခင်မောင်ဆွေကျင့်သားရလာပြီး အရက်ကိုစွဲမက်လာခဲ့သည်။

\+ + + + +

သူငယ်ချင်းဖြစ်သူ တင်ထွန်းအောင်ကတော့ ခင်မောင်ဆွေလိုမဟုတ်ချေ။

သူများတွေဘာလုပ်လုပ် ဝင်ပါတတ်သည်။ ဝင်ရောတတ်သည်က သူ့အကျင့်ဖြစ်သည်။ မည်သည့်အလုပ်ကိစ ကိုမျှ မည်မည်ရရမရှိ၊ အပျော်သဘောထားတတ်သည်။

တင်ထွန်းအောင်၏မိဘများက ကုန်သည်ပွဲစားများဖြစ်ကြသဖြင့် တင်ထွန်းအောင်ကိုလှည့်မကြည့်ဖြစ်ပေ။ စီးပွားရေးကိုသာ ဦးစားပေးသည်။ တင်ထွန်းအောင်

သည် မိဘများဆိုဆုံးမမှုမရှိသဖြင့် အခွင့်ကောင်းယူကာ ငွေကြေးကိုဖောဖောသီသီ သုံးစွဲတတ်သည်။

သူ့မှာအကျင့်တစ်ခုရှိသည်။ သူငယ်ချင်းတွေဘောလုံးကန်လျှင်လည်း ကန် လိုက်သည်။ အပြေးလေ့ကျင့်လျှင်လည်း အပြေးလေ့ကျင့်လိုက်သည်။

တစ်နေ့မြို့နယ်လွတ်လပ်ရေးနေ့ ပြိုင်ပွဲအတွက် သူငယ်ချင်းများတာဝေးပြေး လေ့ကျင့်နေသည်ကိုတွေ့ပြီး တင်ထွန်းအောင်လည်း လေ့ကျင့်ခန်းဆင်းသည်။

''တို့က ဘောလုံးကွင်းကို သုံးပတ်ပတ်မှာ။ မင်းလိုက်ပြေးနိုင့်ပါ့မလားကွ။ ကျင့်သားရှိမှရမှာ'' ဟု သူငယ်ချင်းတစ်ယောက်က ပြေးရင်းပြောရာ တင်ထွန်းအောင် တစ်ပတ်မပြည့်ခင် ပြေးနေရာမှ မောလွန်းသဖြင့် စကားပင်ကောင်းကောင်းမပြောနိုင် ဘဲ ရပ်လိုက်ရသည်။

''တော်ပြီ ဆက်မပြေးနိုင်တော့ဘူး'' ဟုပြောကာ ရပ်နေပေတော့သည်။

ထိုသူငယ်ချင်းသုံးယောက်ထဲမှ တစ်ယောက်ဖြစ်သူ မောင်လတ်ဝါသနာက တော့ သူတို့နှစ်ယောက်လိုမျိုး မဟုတ်ချေ။

သူက စာပေဝါသနာပါသည်။ မောင်လတ်သည် ငယ်စဉ်ကတည်းက စာဖတ် ဝါသနာပါသူဖြစ်သည်။ သူ့အမေနှင့်အဒေါ်က စာဖတ်ဝါသနာပါသူများဖြစ်သည်။ သူ့ ဖခင်က သူငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့သည်။

မောင်လတ်သည် ကျောင်းစာကြည့်ပြီးသည့်အခါများတွင် ဗဟုသုတရရှိမည့် စာအုပ်စာပေများကို ရှာဖွေဖတ်ရှုတတ်သည်။

ဤသို့ဖြင့် သူငယ်ချင်းသုံးယောက်သည် ဝါသနာကိုယ်စီနှင့် ရှိကြရာမှအဋ္ဌမ တန်းအောင်စာရင်းများ ထွက်ရှိလာသောအခါ မောင်လတ်တစ်ယောက်တည်းသာ အောင်မြင်ခဲ့သည်။

အောင်စာရင်းထွက်သည့်နေ့က ဖြစ်သည်။

''ဟာ ငါ့နာမည်က ဘယ်နားရောက်နေပါလိမ့်''ဟု ခင်မောင်ဆွေနှင့် တင်ထွန်း အောင်တို့က အောင်စာရင်းကို ကြည့်ရင်း စိတ်မောနေကြသည်။

ထိုစဉ် တင်ထွန်းအောင်က–

''ဟာ တို့နှစ်ယောက်ကိုကျော်ပြီး မောင်လတ်ခုံနံပါတ်သာပါလာတယ်။ သွား ပြီ''ဟု ဝမ်းနည်းပက်လက်ပြောသည်။

မိုးဦးသစ်လေပြီ။ စိန်ပန်းနီနီတို့သည် ပတ မြားဝတ်ုံနီကိုခြုံကာ မိုးကိုကြိုဆို လျက်ရှိသည်။

ကျောင်းများပြန်ဖွင့်သဖြင့် အတန်းတက်ရသူများက ပြုံးပန်းဝေသော မျက်နှာ များနှင့်မော်ကြွားနိုင်သလို ကျုံးသူများကတော့ ခေါင်းငုံ့ကာခပ်မှိုင်မှိုင် ရှိနေကြသည်။

သူတို့သုံးယောက်ထဲတွင် မောင်လတ်ကနဝမတန်းသို့ တက်ရလေသည်။ ကျောင်းမတက်ခင် မောင်လတ်တို့သူငယ်ချင်းသုံးယောက် စကားများပြောနေကြသည်။ မောင်လတ်က–

''ဒီနှစ်တော့ မင်းတို့ကြိုးစားလိုက်ကြဦးကွာ။ တစ်နေ့တစ်လံပုဂံ ဘယ်ပြေးမလဲပေါ့ကွာ''

ထိုအခါ တင်အောင်ထွန်းက–

''ငါတော့ မအောင်မချင်းဖြေမှာပါပဲ''ဟု ပြောသည်။

ခင်မောင်ဆွေကတော့–

''ငါတော့ပျင်းလှပြီကွာ ကျောင်းဆက်မတက်ချင်တော့ဘူး''ဟု ညည်းညူနေသည်။

\+ + + + +

ထို့နောက်တွင် ခင်မောင်ဆွေတစ်ယောက် ကျောင်းမှန်မှန်မတက်တော့ချေ။ သူ့အိမ်မှပစ္စည်းများကိုလည်း လစ်လျှင်လစ်သလို ခိုးယူတတ်နေပြီ။

မောင်လတ်တို့နှင့်လည်း အပေါင်းအသင်းမလုပ်တော့ပေ။ ဂုပ်ရှင်ရုံနှင့်ဈေးတစ်ဝိုက်တွင်သာ ပျော်မွေ့နေပေတော့သည်။

တင်ထွန်းအောင်ကတော့ တစ်မျိုးပင်၊ အပြေးလေ့ကျင့်နေရာမှတစ်ဖန် ပန်းချီသင်တန်းတက်နေပြန်သည်။

ပန်းချီဆရာက သူ့ကိုပြောသည်။

''ဘယ်အရာမဆို အခြေခံကစပြီး ရေရှည်ဇောက်ချပြီးလုပ်ရင် ဘာမဆိုမဖြစ်တာမရှိပါဘူး။ ဇွဲရှိဖို့တော့လိုတယ်''ဟု သူ့ကိုပန်းချီဆွဲသင်ရင်းအားပေးသည်။

\+ + + + +

မောင်လတ်ကတော့ သူကျောင်းအားလပ်သည့်အခါများတွင် တစိုက်မတ်မတ်နှင့်စာများများဖတ်ကာ စာရေးလေ့ကျင့်သည်။ ရေးပြီးစာမူများကိုလည်း ရန်ကုန်မြို့ရှိ မဂ္ဂဇင်းတိုက်များသို့ စာတိုက်မှနေ လှမ်းပို့တတ်သည်။ မိမိပို့သည့် ကဗျာနှင့်ဝတ္ထုများကလည်း အပယ်ခံရသည်ကများသည်။

သို့သော် မောင်လတ်အားမလျှော့ပါချေ။ တစ်ပုဒ်ပယ်လျှင် နှစ်ပုဒ်ရေးသည်။ စာတိုက်ကိုသွားပြီး စာမူများလှမ်းပို့တတ်သည်။

ခင်မောင်ဆွေမှာမူ အရက်မှတစ်ဆင့် ဘိန်းဖြူအဆင့်သို့ပင်တိုးလာသည်။ ဆိုဆုံးမ၍လည်းမရတော့ချေ။ ထို့ကြောင့်ပင် မိဘများကပင် ထိန်းမရသည့်အတွက်အိမ်မှနှင်ချထားခဲ့ရသည်။

ထိုအချိန်မှစ၍ သူ့ဘဝသည် အဖတ်ဆယ်မရနိုင်လောက်အောင်ပင် အခြေအနေဆိုးဝါးခဲ့သည်။

တစ်နေ့တွင် သူ့အပေါင်းအသင်းများနှင့် ဘိန်းဖြူထိုးရင်းဆုံးပါးသွားခဲ့လေသည်။

တင်ထွန်းအောင်ကလည်း ပန်းချီဆွဲသင်နေရာမှ တစ်ပိုင်းတစ်စနှင့်ဖြတ်ကာ သိုင်းကစားသင်နေပြန်သည်။

သူက သူငယ်ချင်းများကို ကြွားတတ်သည်။

''ဟေ့ ယောက်ျားဆိုတာ ကျားကျားလျားလျားရှိမှကွ၊ ဒါမှအမျိုးသမီးတွေက မျက်စိကျမှာ''ဟုလည်း ပြောတတ်တသည်။

ဤသို့ဖြင့် သူ့ဦးတည်ချက်များသည် စမ်းတဝါးဝါးနှင့်ရှိနေတတ်သည်။

တစ်နေ့တွင်ဖြစ်သည်။ စာသင်ခန်းထဲတွင် သင်္ချာတွက်နေသော မောင်လတ်ကို ဆရာကလှမ်းခေါ်သည်။

''မောင်လတ်ရေ ဒီမှာ စာပို့လုလင်ရောက်နေတယ်။ မင်းနာမည်နဲ့ငွေပါတယ်ကွ''ဟု ပြောလိုက်သောအခါ မောင်လတ်အံ့ဩသွားရသည်။

''ဘယ်ကငွေပါလိမ့်'' ဟုလည်း တအံ့တဩဖြစ်ရသည်။

စင်စစ် သူပို့လိုက်သော ဝတၱုတိုတစ်ပုဒ်အတွက် မဂ္ဂဇင်းတိုက်တစ်ခုမှစာမူခ လှမ်းပို့လိုက်ခြင်းဖြစ်သည်။ စာမူခမှာ ငွေသုံးဆယ်ကျပ်၊ ထိုနေ့က မောင်လတ်အထူး ပျော်မြူးနေသည်။ ကျောင်းအဆင်းတွင် တင်ထွန်းအောင်ကိုခေါ်ကာ လက်ဖက်ရည် တိုက်သည်။ ခင်မောင်ဆွေကိုလည်း အမှတ်ရနေမိကြလေသည်။

သို့နှင့် တင်ထွန်းအောင်က မောင်လတ်ကို လှမ်းပြောသည်။

''ဟေ့ကောင် မောင်လတ်မင်းကို အခုမှ ငါသတိပြုမိတယ်။ မင်းက တစ်ခုတည်းကိုသာ ဦးတည်ချက်ထားပြီးလုပ်တတ်တယ်နော်။ အဲဒါကြောင့် မင်းအောင်မြင်တာပဲကွ''ဟုချီးကျူးသည်။

ထိုအခါ မောင်လတ်က ''အေးလေ ဒါကငါ့အကျင့်ပဲ။ အလုပ်တစ်ခု၊ ဝါသနာတစ်ခုကို ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေရင်တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူးကွ။ မင်းလည်း ငါလိုလုပ်ကွာ''ဟု ပြန်ပြောလေသည်။

ထိုနေ့မှစပြီး တင်ထွန်းအောင်သည် နေရာတကာတွင် ယောင်ခြောက်ဆယ် လုပ်မနေတော့ဘဲ မိမိဝါသနာပါရာ တစ်ခုကိုတည်းကိုသာ ဦးတက်ချက်ထားပြီး ပြုလုပ်သွားရန် ဆုံးဖြတ်လိုက်မိသည်။ မိမိဘောလုံးအားကစားနည်းကို လေ့ကျင့်တော့မည်ဖြစ်သည်။

''ငါဘောလုံးသမားကောင်းတစ်ယောက်ဖြစ်အောင် ဒီနေ့ကစပြီး လေ့ကျင့်တော့မယ်''ဟု တွေးမိလိုက်သည်။

မောင်လတ်သည် တင်ထွန်းအောင်ကို နှုတ်ဆက်ပြီး လက်ဖက်ရည်ဆိုင်ထဲမှ အိမ်သို့အမြန်ပြန်ခဲ့သည်။

မောင်လတ်သည် အိမ်သို့အပြန်ပြန်လာစဥ်လမ်းတွင် စိတ်ကူးနေမိသည်။

''အဒေါ်နဲ့အမေသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။ ငါတစ်နေ့မှာ စာရေးဆရာဖြစ်အောင်ကြိုးစားမယ်''ဟု တွေးပြီးနောက် သူ၏ပထမဆုံးရရှိခဲ့သောစာမူခကို အဒေါ်နှင့်အမေအား ကန်တော့ရန်အတွက် အားရဝမ်းသာစွာနှင့် အိမ်သို့သုတ်ခြေတင် ပြန်လာခဲ့ပါတော့သည်။

**(၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ တို့ကျောင်းသားမှ)**
**ယင်းဝတ ုတိုအား မြန်မာ့အသံ၊ လူငယ့်ရေးရာကဏ္ဍမှနေ**
**'ပန်းတိုင်ခြားလို့ သွားရအောင်'အမည်နှင့် အသံလွှင့်ခဲ့သည်။**
**ရေနံမြေမောင်မောင်ကြည်**